# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၇)ရက် ၊ ကြာသပတေးနေ့ ၊ (20-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်း




နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် G.V. Plekhanov စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Mogilevsky Konstantin Ilyich၊ တက္ကသိုလ်ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊

**စာမျက်နှာ ၁၉ ကော်လံ ၁**

**ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ အပ်နှင်း**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V.Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို တက္ကသိုလ်ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich က အပ်နှင်းစဉ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊

**စာမျက်နှာ ၂၆ ကော်လံ ၄**




## ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၅၀၇ ဧကထိ စိုက်ပျိုးပြီးဖြစ်

ကလေး ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၅၀၇ ဧကထိ စိုက်ပျိုးပြီးဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၅၀၇ ဧကထိ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ

**စာမျက်နှာ ၂၆ ကော်လံ ၄**



# ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၅၅၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကနီ ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၅၅၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကနီမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၆၅၅၀ စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၅၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကနီမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၅၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြသည်။

ကနီမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကနီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောသန္တာနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၂၀ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာ-ရုရှား နှစ်နိုင်ငံအကျိုးစီးပွားအတွက် ကဏ္ဍစုံဆွေးနွေးမှုများ

ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ၏ဖိတ်ကြားချက်အရ ရုရှားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မော်စကိုမြို့ ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအပါအဝင် ကဏ္ဍပေါင်းစုံကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံအကြား တစ်ဖက်သတ်အကျပ်ကိုင်ဆောင်ရွက်မှုများ၏ ဆိုးရွားသောသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းရန် နည်းလမ်းများနှင့် ပတ်သက်သည့် ကြေညာချက်နှင့် လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများအတွက် နားလည်မှုစာချွန်လွှာ၊ ရေဒီယိုအီလက်ထရောနစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာ၊ ယဉ်ကျေးမှုနှင့်အနုပညာနယ်ပယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသော အာကာသခရီးစဉ်များ ဂြိုဟ်တုအခြေပြုရှာဖွေကယ်ဆယ်ရေးစနစ် COSPAS-SARSAT နှင့် ကမ္ဘာအနီးအာကာသအတွင်း အန္တရာယ်ရှိသောအခြေအနေများအတွက် အလိုအလျောက်သတိပေးစနစ်(ASPOS) နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် မြန်မာအာကာသအေဂျင်စီနှင့် Plekhanov Russian University of Economics တို့ကြား နားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီနှင့် Bauman Moscow State Technical University တို့ကြား နားလည်မှုစာချွန်လွှာများအပါအဝင် စုစုပေါင်းနားလည်မှုစာချွန်လွှာ ၁၂ ခုတို့ကို ရေးထိုးနိုင်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် ရုရှားအစိုးရအဖွဲ့အိမ်တော်အစည်းအဝေးခန်း၌ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဘာသာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ၊ ပင်လယ်ရေကြောင်းနှင့် ပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့်အခြေအနေများ ဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတနှင့် ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဒူးမားလွှတ်တော်အဆောက်အအုံအစည်းအဝေးခန်းမ၌ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးခဲ့သည်။

မြန်မာနှင့် ရုရှားနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုကို စတင်တည်ဆောက်ခဲ့ပြီး သမိုင်းတစ်လျှောက်တွင် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်စွာ တိုးတက်လျက်ရှိသည့်အပြင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်။ သို့ဖြစ်ရာ သမိုင်းကြောင်းအရ ရှည်လျားစွာရှိသည့် မြန်မာ-ရုရှားနှစ်နိုင်ငံဆက်ဆံရေးသည် အနာဂတ်တွင်လည်း ခိုင်မြဲစွာရှိနေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တီလားဗီးယားငါးပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



ညောင်တုန်း ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တီလားဗီးယားငါး ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်းတီလားဗီးယားငါးပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လအတွင်း ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တီလားဗီးယားငါး ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ အရင်လကထက် ဇူလိုင်လအတွင်းမှာ တီလားဗီးယားငါးတွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ တီလားဗီးယားငါးတွေ တင်ပို့ရောင်းချအားကောင်းလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲနံ့သာကျေးရွာအုပ်စု သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ သပြေရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၄ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သပြေရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေချိုဘူတာကျေးရွာအုပ်စု ရေချိုဘူတာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရေချိုဘူတာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေချိုဘူတာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၂၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၅ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၅ ဒသမ ၅၅ သန်း၊ အခြားလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၁၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၅၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ဧက ၅၄၆၀ စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ဖောင်းပြင် ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံဧက ၅၄၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၂၅ ဧက၊ ဖူးစားပြောင်း ၄၆၃၅ ဧက စုစုပေါင်း ဧက ၅၄၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ပြောင်းဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ လက်ရှိမှာ ပြောင်းသီးနှံ စိုက်ပျိုးဖို့ လယ်ယာမြေတွေ ထွန်ယက်နေပါတယ်။ ပြောင်းတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

ယခုနှစ် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ် ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ညောင်ဦးမြို့နယ် မင်းနန်းသူခေတ်မီစံပြကျေးရွာ၌ သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းဆင်း

**ညောင်ဦး ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ မင်းနန်းသူခေတ်မီစံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေဩဇာ ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက သင်တန်းမှရရှိသည့် အသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး ဆက်လက် လေ့လာကြိုးစားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အဆင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မင်းနန်းသူခေတ်မီစံပြကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ပြီး သင်တန်းတွင် သဘာဝမြေဩဇာပြုလုပ်နည်းနှင့်ပတ်သက်သည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာများက ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# အမရပူရမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရှမ်းရွာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ ဦးကို ရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဩဂုတ် ၁၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း အိမ်မဲမြို့နယ်ကနေ ညှော်မထဆန်အိတ်ရေ ၄၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အိမ်မဲမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော်မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အိမ်မဲမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အိမ်မဲမြို့နယ်မှထွက်ရှိသည့် ညှော်မထဆန်များ အရောင်းအဝယ်ကောင်းမွန်နေသောကြောင့် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိထွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

**ယခင်တစ်ပတ်မှအဆက်**

**အမရပူရမြို့သစ်တည်ရန်စီမံခြင်း**

ဘိုးတော်ဗဒုံမင်းသည် နန်းတက်စက အင်းဝမြို့တွင်ဖြစ်သော်လည်း အင်းဝမြို့၌ ကြာကြာစိုးစံလိုဟန် မတူပေ။ ထီးပေါင်းကားအရပ်နေရာတွင် အမရပူရမြို့သစ်တည်ရန် စီမံခဲ့သည်။ အင်းဝမှ အမရပူရမြို့သစ်ကိုတည်ပြီး ပြောင်းရွှေ့ရန်သင့်၊ မသင့်ကို ရဟန်းပညာရှိများ၊ မှူးမတ်ပညာရှိများ၊ လူပညာရှိများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့သည်။ အမရပူရမြို့သစ်ကိုတည်ကာ ပြောင်းရွှေ့စိုးစံရန် သင့်၊ မသင့်ကိုလည်း ဆရာတော်များထံ လျှောက်ထားမေးမြန်းခဲ့သည်။

**အမရပူရသို့ပြောင်းရွှေ့လိုခြင်းအကြောင်း**

ဗဒုံမင်းနန်းတက်စက အင်းဝမြို့၌ဖြစ်သည်။ ထိုအချိန်က အင်းဝမြို့တော်၊ နန်းတော်သည် သူ၏နောင်တော် ဆင်ဖြူရှင်မြေဒူးမင်းတည်ဆောက်ခဲ့သော မြို့တော်နန်းတော်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းနန်းတက်ချိန်တွင် နန်းတော်၏ သက်တမ်းသည် ၁၈ နှစ် ဝန်းကျင်သာရှိသေးသည်။ နန်းတော်မှာ ဟောင်းနွမ်းမှုရှိလှမည်မဟုတ်ပေ။ သို့သော် ဗဒုံမင်းသည် အင်းဝမြို့၌ အပြီးနေလိုဟန်မရှိပေ။ အမရပူရမြို့သစ်တည်ရန်ကိုသာ စိတ်ဆန္ဒရှိသည်။

ဗဒုံမင်းသည် အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့လိုခြင်းအကြောင်းရင်းမှာ နှစ်ချက်သာရှိမည်ဟုထင်ပါသည်။ ဘိုးတော်ဗဒုံမင်းနန်းတက်စက အင်းဝမြို့နန်းတွင်း၌ တိုက်ပွဲများစွာဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများခဲ့သည်။ ဖောင်းကားစားမောင်မောင်ဦးဆောင်သော လူ ၂၀၀ ပါ အဖွဲ့ကို နှိမ်နင်းရခြင်း၊ စဉ့်ကူးမင်းနှင့်အဖွဲ့ကို နှိမ်နင်းရခြင်း၊ ငဘုန်းပုန်ကန်မှုကို နှိမ်နင်းရခြင်း စသည်တို့ကြောင့် အင်းဝနန်းရင်ပြင်သည် သွေးရဲရဲ၊ လူသေအလောင်းများဖြင့် ပြည့်နှက်နေခဲ့မည်ဖြစ်သည်။ ငဘုန်းပုန်ကန်မှုတွင် နန်းတော်ရှေ့ရွှေတော်ယူတံခါး၊ တံခါးနီတံခါးများကို ကျော်ကာ မြေနန်း၊ ဖြဲတိုက်၊ စနုလှေကားများထိ ရောက်သည်။ ဗောင်းတော်ဆောင် ပျဉ်ထောင်ကို သူပုန်တို့က ဖွင့်နိုင်သည်ထိ နန်းတော်ထိရောက်သည်။ ထိုပုန်ကန်မှုကို နှိမ်နင်းရသဖြင့် နန်းတော်မှာ မသန့်မရှင်းဖြစ်ခဲ့ပြီး စိတ်ရွှင်လန်းဟန်မတူပေ။ ထို့ကြောင့် အမရပူရမြို့သစ်တည်၍ ပြောင်းရွှေ့လိုခြင်းဖြစ်သည်။

နောက်တစ်ချက်မှာ မြို့တည်နန်းတည်မင်းအဖြစ် ခံယူလိုခြင်းဖြစ်သည်။ နဂါးဗိုလ်ထိပ်တင်ထွေး ရေးသားပြုစုသော ရတနာသီခကုန်းဘောင်မဟာရာဇဝင် အကျဉ်း၌ ဘိုးတော်ဗဒုံမင်း အမရပူရမြို့သို့ ပြောင်းရွှေ့လိုခြင်းအကြောင်းကို အောက်ပါအတိုင်း ဖော်ပြထားသည်။

ဘဝရှင်မင်းတရားကြီးဘုရားသည် ညီလာခံတွင် အမိန့်တော်ရှိသည်ကား "ရေမြေသနင်း မင်းဧကရာဇ်ဖြစ်တော်မူသော အာဒိစ္စဝံသခတ္တိယမင်းအပေါင်းတို့၏ ကျက်သရေမင်္ဂလာတော်ကား ရွှေမြို့ရွှေနန်း ဖန်ဆင်းတည်ထောင်တော်မူခြင်း၊ ဆင်ဖြူတော် ရတနာရတော်မူခြင်း၊ တိုင်းတစ်ပါးတို့မှ သမီးကညာ ရတနာကို အဆက်အသခံရခြင်း စသော သုံးပါးသော ဂုဏ်ကျက်သရေမင်္ဂလာတို့သည် မင်းသာမန်တို့ထက် ထူးကဲလွန်မြတ်ဂုဏ်ကျက်သရေမင်္ဂလာဖြစ်ကြောင်းကို ရာဇဝင်တို့၌ ရေးသားကြကုန်သည်သာဖြစ်သောကြောင့် နောင်တော်ဒီပဲယင်းမင်းသည် ခမည်းတော်ဘုရား၏ အရိုက်အရာတော်ကို သိမ်းမြန်းအုပ်ချုပ် စိုးစံတော်မူစဉ် ဇေယျပူရမြို့တော်ကို တည်တော်မူသည်။ နောင်တော်မြေဒူးမင်းလည်း ခမည်းတော်နှင့် နောင်တော်ဘုရားတို့၏ အရိုက်အရာတော်ကို ဆက်ခံစိုးအုပ်တော်မူ၍ ရတနာပူရအဝရွှေမြို့တော်ဟောင်းကို ကျယ်ဝန်းပြန့်ပြောစွာရှိအောင် တိုးချဲ့တည်ထောင်တော်မူပြီးလျှင် ရတနာပူရအဝရွှေမြို့တော်သို့ ပြောင်းရွှေ့စံနေတော်မူသည်။ ငါကိုယ်တော်လည်း မင်းအဖြစ်သို့ ရောက်တော်မူရသည် ဖြစ်သောကြောင့် မြို့နန်းအသစ်တည်ထောင်တော်မူလိုသည်။"

အထက်ပါဖော်ပြထားချက်အရ ဘိုးတော်ဗဒုံမင်းသည် ခမည်းတော် အလောင်းမင်းတရားကြီး နောင်တော်ဒီပဲယင်းမင်း၊ ဆင်ဖြူရှင်မြေဒူးမင်းတို့ကဲ့သို့ မြို့တည်နန်းတည်မင်းအဖြစ် ခံယူလိုကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်း အမရပူရမြို့သစ်တည်၍ ပြောင်းရွှေ့လိုခြင်းမှာ-

> **❖ ဘိုးတော်ဗဒုံမင်း အမရပူရမြို့သစ်တည်၍ ပြောင်းရွှေ့လိုခြင်းမှာ- ၁။ ပုန်ကန်မှုများစွာ ဖြစ်ပေါ်ခဲ့သောကြောင့် မကောင်းသောမြင်ကွင်းများဖြစ်ပေါ်ခဲ့သည့် အင်းဝနန်းတွင်း၌ မနေလိုခြင်း ၂။ မြို့တည်နန်းတည်မင်းအဖြစ် ခံယူလိုခြင်းတို့ကြောင့်ဖြစ်သည်။ အချို့ကလည်း အင်းဝမြို့တော်သည် လုံခြုံမှုမရှိခြင်းကြောင့်ဟု ဆိုကြသေးသည်။ ထိုအဆိုမှာ မသင့်ပါ။ အင်းဝမြို့နှင့် အမရပူရမြို့သည် ဘာမျှမခြားလှချေ။ အင်းဝထက် အမရပူရကိုပို၍ လုံခြုံအောင် စီမံခဲ့သည်လည်း မဟုတ်ပါ။ ဆိုရလျှင် အမရပူရသည် မြို့ရိုးနှစ်ထပ်သာ ရှိသည်။ အင်းဝကသုံးထပ်ရှိသည်။ မြို့အနေအထားအရ အင်းဝက ပို၍ လုံခြုံမှုရှိသည်။ ❖**

၁။ ပုန်ကန်မှုများစွာ ဖြစ်ပေါ်ခဲ့သောကြောင့် မကောင်းသောမြင်ကွင်းများဖြစ်ပေါ်ခဲ့သည့် အင်းဝနန်းတွင်း၌ မနေလိုခြင်း၊

၂။ မြို့တည်နန်းတည် မင်းအဖြစ် ခံယူလိုခြင်းတို့ကြောင့် ဖြစ်သည်။ အချို့ကလည်း အင်းဝမြို့တော်သည် လုံခြုံမှုမရှိခြင်းကြောင့်ဟု ဆိုကြသေးသည်။ ထိုအဆိုမှာ မသင့်ပါ။ အင်းဝမြို့နှင့် အမရပူရမြို့သည် ဘာမျှမခြားလှချေ။ အင်းဝထက် အမရပူရကိုပို၍ လုံခြုံအောင် စီမံခဲ့သည်လည်း မဟုတ်ပါ။ ဆိုရလျှင် အမရပူရသည် မြို့ရိုးနှစ်ထပ်သာရှိသည်။ အင်းဝက သုံးထပ်ရှိသည်။ မြို့အနေအထားအရ အင်းဝကပို၍ လုံခြုံမှုရှိသည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်း အမရပူရမြို့ကို ပြောင်းရွှေ့လိုသည်မှာ အင်းဝမြို့သည် လုံခြုံမှုနည်းပါးသောကြောင့်ဖြစ်သည်ဟု ဆိုကြခြင်းသည် မမှန်ပေ။ အထက်တွင်ဆိုခဲ့သည့် အချက်နှစ်ချက်သာလျှင် အမရပူရမြို့သို့ ရွှေ့ပြောင်းရခြင်းဖြစ်သည်။

**ဗျာဒိတ်ရအမရပူရ**

အမရပူရမြို့တည်ရှိရာအရပ်သည် မြတ်စွာဘုရားရှင် ဗျာဒိတ်တော်ထားရှိရာ အရပ်ဖြစ်ကြောင်း အမရပူရမြို့တည်နန်းတည် စာတမ်းများ၊ ရာဇဝင်ကြီးများတွင် ဖော်ပြကြပါသည်။ မြတ်စွာဘုရားရှင်သည် ဒေသစာရီ လှည့်လည်တော်မူသောအခါ အမရပူရမြို့တည်မည့် တောင်သမန်အရပ်သို့ ရောက်ရှိခဲ့သည်။ ထိုအခါ တောင်သမန်၊ ငတောင်ကြီး၊ ငတောင်ပြုံး၊ ငတောင်မြင့်ဟူသော ဘီလူးလေးကောင်သည် မြတ်စွာဘုရားရှင်ကို သားပွဲမ်းဆွမ်းကို လှူဒါန်းခဲ့သည်။ မြတ်စွာဘုရားရှင်က ဤအရပ်ဒေသ၌ နောင်အခါ မင်းနေပြည်ကြီးဖြစ်လတ္တံ့။ ဘီလူးလေးကောင်တို့သည် ဤမင်းနေပြည်ကြီးကို ထိန်းသိမ်းစောင့်ရှောက်နေထိုင်ကြမည်ဟု ဗျာဒိတ်စကား မြွက်ကြားခဲ့သည်။ ထိုသို့ မြတ်စွာဘုရားရှင် ဗျာဒိတ်ထားခဲ့သည့်အတိုင်း ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့သစ်ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမရပူရမြို့နေရာသည် ဘုရားဗျာဒိတ်ရမြို့နေရာဖြစ်သည်ဟု ရာဇဝင်ကြီးများအလိုအရ ယူဆရပါသည်။ ဤနေရာတွင် ခေတ်အမြင်ဖြင့် သုံးသပ်ပြောဆိုရလျှင် မြတ်စွာဘုရားအား သားပွဲမ်းဆွမ်းလှူခဲ့သည့် ဘီလူးလေးကောင်ဆိုသည်မှာ တောင်သမန်သံခေတ်လူသားများကို ယူလျှင်ရနိုင်ပါသည်။ တောင်သမန်တူးဖော်မှုအရ တောင်သမန်အင်းဝန်းကျင်၌ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် လူသားများ အစဉ်တစိုက်နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရပါသည်။ ရှေးစာများ၌ ဘီလူးဟုရေးသားခံရသော သူများသည် ကျောက်၊ ကြေး၊ သံခေတ်လူသားများ ဖြစ်ဖွယ်ရှိသည်။

**ဘုရင့်နောင်မင်းလည်းမြို့တည်ရန်ကြံရွယ်**

ဘိုးတော်ဗဒုံမင်း အမရပူရမြို့တည်မည့်နေရာ၌ ဟံသာဝတီပြည့်ရှင် ဘုရင့်နောင်မင်းတရားကြီးလည်း ရောက်ရှိခဲ့ဖူးသည်။ ထိုအကြောင်းကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ "ဟံသာဝတီဆင်ဖြူရှင်လက်ထက် ထီးပေါင်းကားအရပ်တွန် ပြည်ကြီးမြို့ကြီးဖြစ်ထွန်းမည်ဟု ရခိုင်ဆရာအသက်ရှစ်ဆယ်ကျော်အရွယ် ဥဂ္ဂါစောကြီး လျှောက်သည်တွင် ဟံသာဝတီဆင်ဖြူရှင်က ငါ့လက်ထက်တော်တွင် ဖြစ်မည်လောဟု အမေးတော်ရှိသည်ကို လက်ထက်တော်တွင် ဖြစ်ကိန်းမရောက် အနှစ်တရာကျော် နှစ်ရာလွန်မှ ပြောင်းကိန်း၊ တည်ကိန်းကြုံသည်ဟု လျှောက်သည်ကို နောင်သောအခါ သည်ကဲ့သို့ ဖြစ်မည့်အကြောင်းရှိသည်ကို နောက်နောင်သောသူတို့မသိမမြင်မထင်မရှား ရှိလေတော့မည်။ သိထင်ရစ်အောင် ပုံစံစာတမ်း ရေးသားထားရမည်ဆို၍ တောင်သမန်၊ တောင်ကျဉ်း၊ တောင်ပြုံး၊ တောင်မြင့်ဟူသော တောင်လေးမည်နေရာဌာနများနှင့်တကွ ထီးပေါင်းကားရွာ၏မြေအရပ်ကို ပုံစံစာတမ်း ရေးသားထားရသည်"ဟူ၍ ဖော်ပြထားသည်။

အထက်ပါအထောက်အထားများအရ အမရပူရမြို့နေရာထီးပေါင်းကားအပ်သည် ဘုရင့်နောင်မင်းတရားကြီး မြို့တည်ရန် ရည်ရွယ်သော်လည်း နောင်အနှစ် ၂၀၀ လောက်မှ မြို့ဖြစ်မည်ဆိုသောကြောင့် ဘုရင့်နောင်မင်းတရားကြီးက မြို့အဖြစ် မတည်ခဲ့ကြောင်း သိရပါသည်။

**အမရပူရမြို့တည်တဘောင်များ**

အမရပူရမြို့သည် ဘုရားရှင်ဗျာဒိတ်တော်ရ မြို့ကြီးဖြစ်ရုံသာမက အတိတ်တဘောင်များနှင့်လည်း ပြည့်စုံသောမြို့ကြီးဖြစ်သည်။ ရှေးကမြန်မာမင်းတို့သည် မြို့တော်သစ်များ တည်ဆောက်သည့်အခါ ဗျာဒိတ်၊ သိုက်၊ အတိတ်၊ နိမိတ်၊ တဘောင်၊ အိပ်မက်၊ စနည်း၊ ဘဝေါ စသည်တို့ကို နားထောင်စေခြင်း၊ နိမိတ်ကောက်ယူခြင်းများ ရှိခဲ့ပါသည်။ ထိုကဲ့သို့ အတိတ်၊ တဘောင်၊ နိမိတ်ကောက်ယူတတ်သည့် ဆရာတော်များ၊ ပညာရှိများကို အနားတွင်ထားကာ မေးမြန်းကောက်ယူတတ်ကြသည်။ အချို့သောမင်းများသည် ကိုယ်တိုင်ပင် အတိတ်၊ နိမိတ်များ ကောက်ယူခဲ့သည်ကို တွေ့ရသည်။ သာဓကဆောင်ရလျှင် ပထမအင်းဝခေတ်၌ ထင်ရှားသော မိုးညှင်းမင်းတရားနန်းတက်သည့်အခါ ရဲမက်တို့က မဟာဂီရိနတ်ကို ပသမည်ဟူ၍ နွားကိုသတ်၍ အရေခွဲဆုတ်ခွာရာ နွားမှာ ခုနစ်ကြိမ်တွန်လေသည်။ ထိုအကြောင်းကို မိုးညှင်းမင်းတရားက "ဤနိမိတ်သည် ငါ၏သားတော်အစဉ်၊ မြေးတော်အဆက် ခုနစ်ဆက်တိုင်အောင် မင်းချည်းဖြစ်မည်ဟု ကိုယ်တိုင်နိမိတ်ဖတ်ခဲ့သည်။

ဘိုးတော်ဗဒုံမင်း အမရပူရမြို့သစ်တည်သည့်အခါတွင်လည်း တဘောင်များ၊ သိုက်များဖြင့် မကင်းပေ။ ဘိုးတော်ဗဒုံမင်း အမရပူရမြို့သစ်တည်မည့်အချိန်တွင် ထွက်ပေါ်လာသော တဘောင်များ၊ သိုက်များကို ရာဇဝင်တော်ကြီးများ၊ သာသနာလင်္ကာရစာတမ်း၊ အမရပူရမြို့တည်နန်းတည် စာတမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ ရှေးစာများတွင် တွေ့ရသော အမရပူရမြို့တည်သိုက်စာများ၊ တဘောင်များမှာ-

- ထီးပေါင်းကားတောင်၊ ညောင်ပင်ကြီးရင်း၊ တပ်ရာနင်းသည်၊ ဆောင်းတွင်းနှင်းဝေဝေ၊
- နွေသို့လည်းရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက်မင်းများနောင်၊
- တောင်သမန်၊ တောင်ကျည်း၊ နန်းလည်းခြောက်စောင်ဆောက်လတ္တံ့၊
- ထီးတော်တောင်ပါး ပက်ပါနားက စ၍ မြို့ကြီးတည်လတ္တံ့၊
- တောင်လေးလုံးကြီး၊ ရွှေစည်တီးသည် ပြည်ကြီးအလိုဖြစ်လတ္တံ့၊
- ထီးပေါင်းကားကြီး၊ ထီးလည်းမှိုလိုပေါက်လတ္တံ့၊
- ဆင်ဖြူဆင်နီ၊ မမြင့်မီခင်ရောက်လတ္တံ့၊
- ရခိုင်စိုးခြင်း၊ အနောက်မင်းလည်းရောက်လတ္တံ့၊
- ဘုရားကြီးစွာ မဟာမုနိရောက်လတ္တံ့၊
- တရုတ်ကုလား နှစ်ပြည်စားလည်း ဝင်စားမည်ဟူ၍ ဖြစ်သည်။

ထိုရှေးသိုက်စာဟောင်းများနှင့်အညီ ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့သစ်ကို တည်ခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းကို မုံရွေးရာဇဝင်ကျော်၌ "ဘုရားဗျာဒိတ်၊ ရှေးသူဟောင်းတို့ အစဉ်စကား ရှေးဟောင်းသိုက်စာများနှင့်လည်း တစ်ချက်တည်း ညီညွတ်သည်။ ယခုမြို့တော်တည်မည့် ထီးပေါင်းကားအရပ်သည်လည်း တောင်သမန်အင်း၊ တောင်ကျည်း၊ တောင်ပြုံး၊ တောင်မြင့်ဟူသော တောင်လေးလုံးသည် လည်းရံသည်။ မြို့တော်လက်ယာက တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ လက်ဝဲက တက်သေးအင်း၊ အရှေ့က အောင်ပင်လယ်ကန်၊ ကြူဝန်းဆည်၊ အနောက်က ဧရာဝတီမြစ် ခြံရံကုန်သော ထာဝရဌာန မြို့နန်းတည်ရာသော မြေမြတ်မှန်သည်"ဟူ၍ ဘိုးတော်ဗဒုံမင်းက အမိန့်တော်ရှိကြောင်း ဖော်ပြထားသည်။ သို့ဖြစ်သောကြောင့် အမရပူရမြို့တည်မည့်အရပ်သည် သိုက်စာများ၊ တဘောင်များနှင့် ညီညွတ်သောအရပ်ဖြစ်ကြောင်း သိရပါသည်။

ဆက်လက်ဖော်ပြပါမည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဩဂုတ် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၅၂၇၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ချည်မျှင်ရှည်ဝါ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါ ၅၂၇၁ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာ ၃၉၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ချည်မျှင်ရှည်ဝါကို လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ တောင်သူတွေကို ချည်မျှင်ရှည်ဝါ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ သွင်းအားစုတွေကို စနစ်တကျသုံးစွဲဖို့ စိုက်ပျိုးရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ချည်မျှင်ရှည်ဝါကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ချည်မျှင်ရှည်ဝါကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သာစည်မြို့နယ် ဇီးပင်ပေါက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးပင်ပေါက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဇီးပင်ပေါက်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်သော နွားမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဇီးပင်ပေါက်ကျေးရွာ၌ RBF စီမံကိန်းဖြင့် နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ စုစုပေါင်း ဦးရေ ၅၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ပွဲကြွေသွားတဲ့ ည

- တိမ်မည်းတွေ ကောင်းကင်တစ်လွှား
ဆော့ကစား ကြာမြင့်စွာ၊
ညကိုယ်ပေါ် ခေါင်းထိုးစိုက်
မှောင်မိုက်မှု ရှာ၊
ဇာတ်အိမ်က ခပ်နာနာ
နိမိတ်ပျိုးကာ ဖွင့်လှစ်၊
လျှပ်ရောင်ခြည် တစ်ချက်ပြူး
မိုးချုန်းသံ ပစ်။

- သရော်သလို တခစ်ခစ်နဲ့
ခြစ်ကုတ်လို့ ရယ်မောနေ၊
ကျင့်ဝတ်မမှန် အယူတိမ်း
သူစိမ်းဆန် လေ၊
ကြွပ်ဆတ်ဆတ် လုပ်ပုံတွေ
ရန်ငြိုးမပြေ စရိုက်မျိုး၊
တောထဲပျော် ကျားသစ်ရုပ်နဲ့
ခုန်အုပ်ကာ မိုး။

- ညလွင်ပြင် ဂုဏ်ရည်ညှိုးဖို့
မိုးမည်းက ဝန်းရံ၊
ခန္ဓာအုံ ညိုပုပ်ကြောင်းနဲ့
စောင်းသွန်ဖို့ ကြံ၊
ပုလဲပေါက် ငွေကျည်ဆန်
ပွေလီသန် ရှုပ်ထွေး၊
ဖိတ်စင်ကာ
စိတ်နှင်ရာ ပစ်လွှတ်ခဲ့တော့
(ညက..)
ပွဲကြွေတယ်လေး။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲ၌ အီကွေဒေါအမျိုးသမီး ဝါရင့်သံတမန် အိုင်ဗွန်နီဘာကီ ပါဝင်လာ



နယူးယောက် ဩဂုတ် ၁၉

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲတွင် အီကွေဒေါအမျိုးသမီးဝါရင့်သံတမန် အိုင်ဗွန်နီဘာကီ ပါဝင်လာကြောင်း ဩဂုတ် ၁၈ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိုင်ဗွန်နီဘာကီသည် အီကွေဒေါအစိုးရအဖွဲ့တွင် ဝန်ကြီးအဖြစ်လည်းကောင်း၊ ပြင်သစ်၊ ကာတာ၊ အမေရိကန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။

အိုင်ဗွန်နီဘာကီကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် တွန်ဂါနိုင်ငံက အမည်စာရင်းတင်သွင်းခဲ့ခြင်း ဖြစ်သည်။

သို့ဖြစ်ရာ အိုင်ဗွန်နီဘာကီသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ဒုတိယမြောက် အီကွေဒေါနိုင်ငံသားဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့်အဌမမြောက် ကိုယ်စားလှယ်လောင်းဖြစ်သည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲအတွက် အလွတ်သဘောမဲခွဲပွဲကို ကုလသမဂ္ဂ လုံခြုံရေး ကောင်စီက ဩဂုတ် ၂၁ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း လက်ရှိကုလသမဂ္ဂ လုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌ ဒိန်းမတ်နိုင်ငံက ပြောကြားထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲ၌ အနိုင်ရရှိခဲ့သူသည် လာမည့်နှစ် ဇန်နဝါရီလတွင် စတင်ရယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆီးရီးယားအနောက်မြောက်ပိုင်းရှိ လေတပ်စခန်းတစ်ခုကို အစ္စရေး တိုက်ခိုက်မှု တူကီယဲဝေဖန်ပြောကြား

အင်ကာရာ ဩဂုတ် ၁၉



ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းရှိ လေတပ်စခန်းတစ်ခုကို အစ္စရေးလေတပ်က ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၈ ရက်တွင် ဝေဖန်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆီးရီးယား အနောက်မြောက်ပိုင်း အလက်ပိုမြို့အနီးရှိ အဘူအယ်လ်ဒူဟာ လေတပ်စခန်းကို အစ္စရေးစစ်လေယာဉ်များက ဩဂုတ် ၁၈ ရက်တွင် လေကြောင်းတိုက်ခိုက်မှုရှစ်ကြိမ်ထိ ပြုလုပ်ခဲ့ကြောင်း ဆီးရီးယား အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အစ္စရေး၏အဆိုပါလေကြောင်းတိုက်ခိုက်မှုများသည် ဆီးရီးယားနိုင်ငံ၏ အချုပ်အခြာနယ်မြေတည်တံ့ခိုင်မြဲမှုကို ချိုးဖောက်ရာရောက်သည့် တိုက်ခိုက်မှုများဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံသည် အဘူအယ်လ်ဒူဟာ လေတပ်စခန်း၌ တူကီယဲတပ်ဖွဲ့ဝင်များ ဖြန့်ကြက်ခွင့်ပေးရန် ပြင်ဆင်နေခြင်းဖြင့် အစ္စရေးနှင့် ဆီးရီးယားတို့ကြားရှိရင်းစွဲ စစ်ရေးအခြေအနေကို ပြောင်းလဲရန် ကြိုးပမ်းနေကြောင်း အစ္စရေးအစိုးရက စွပ်စွဲပြောကြားထားသည်။

တူကီယဲနှင့် အစ္စရေးနိုင်ငံတို့သည် ဂါဇာကမ်းမြောင်ဒေသနှင့်ပတ်သက်၍ ဆက်ဆံရေးတင်းမာနေသည့် နိုင်ငံများဖြစ်ကြသည်။

အစ္စရေးတပ်မတော်သည် ယခုနှစ် မေလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၁၈ရက်တွင် ဆီးရီးယားအစိုးရ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကာလ မူလသတ်မှတ်ရက်ထက်လျှော့ချ

ဆိုးလ် ဩဂုတ် ၁၉

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် နှစ်စဉ်ပြုလုပ်မြဲ အာလ်ချီဖရီးဒမ်းရှီးလ်ပူးတွဲစစ်ရေးလေ့ကျင့်မှု အချိန်ကာလကို မူလသတ်မှတ်ရက်မှ ငါးရက်သို့ ပြန်လည်လျှော့ချခဲ့ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အာလ်ချီဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ လေ့ကျင့်ရေးအစီအစဉ်အချို့ကိုလည်း အင်အားလျှော့ချထားကြောင်းသိရသည်။

အာလ်ချီဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်တပ်မတော် ပါဝင်မှုအင်အားကိုလျှော့ချရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားခဲ့ပြီးနောက် အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်မည့်ကာလကို တောင်ကိုရီးယားနှင့် အမေရိကန်တို့က လျှော့ချခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် မူလက အာလ်ချီဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၇ ရက်မှ ၂၇ ရက်ထိ ပြုလုပ်ရန် စီစဉ်ထားသော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ညွှန်ကြားချက်အရ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်ထိသာ ပြုလုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ကိုလ်ကတ္တားမြို့၌ ဟိုတယ်မီးလောင်၊ လူကိုးဦး သေဆုံး

ဒေလီ ဩဂုတ် ၁၉

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ကိုလ်ကတ္တားမြို့ ဟိုတယ်တစ်လုံး၌ ယနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးတစ်ဦး အပါအဝင် လူကိုးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ မီးလောင်မှုသည် ဟိုတယ်၏ ဒုတိယထပ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီးမီးလောင်မှု အကြောင်းရင်းကို အိန္ဒိယရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ကိုလ်ကတ္တား ဟိုတယ် မီးလောင်မှုကို မီးသတ်တပ်ဖွဲ့က တစ်နာရီအတွင်း ထိန်းချုပ်နိုင်ခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှုဖြစ်ပွားစဉ် ဟိုတယ်၌ ရှိနေသူ လူဦးရေ ၃၀ ခန့်ကို မီးသတ် တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုလ်ကတ္တားဟိုတယ် မီးလောင်မှုတွင် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ရာဆေးရုံ၌ ဆေးကုသမှုခံယူနေရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

အိန္ဒိယမီဒီယာများ၏ အဆိုအရ ကိုလ်ကတ္တားဟိုတယ် မီးလောင်မှုအတွင်း သေဆုံးခဲ့သူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဖြစ်ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဇဟိုအာဖရိကသမ္မတနိုင်ငံ၌ ရွှေတွင်းတစ်တွင်းပြိုကျ လူဦးရေ ၃၀ သေဆုံး၍ အများအပြားပိတ်မိနေ

ဘန်ဂူအီ ဩဂုတ် ၁၉

ဗဟိုအာဖရိက သမ္မတနိုင်ငံ အနောက်ပိုင်း အက်ဘ်ဘာဒေသ၌ ဩဂုတ် ၁၈ ရက်က ရွှေတွင်းတစ်တွင်းပြိုကျခဲ့ရာ ရွှေတူးသမားဦးရေ ၃၀ သေဆုံးခဲ့ပြီး အများအပြား ပိတ်မိနေကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြိုကျခဲ့သည့် ရွှေတွင်းမှာ တစ်နိုင်တစ်ပိုင် ရွှေတူးသမားများ အလုပ်လုပ်ကိုင်နေသော ရွှေတွင်း ဖြစ်ကြောင်း ဗဟိုအာဖရိက သမ္မတနိုင်ငံ တာဝန်ရှိသူများက ပြောကြားထားသည်။

ရွှေတွင်း ပြိုကျခဲ့ပြီးနောက် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရန် ကယ်ဆယ်ရေးသမားများက ကြိုးပမ်းနေသော်လည်း ၎င်းတို့ကို အသက်ရှင်လျက် တွေ့ရှိရေးမှာ မျှော်လင့်ချက်နည်းပါးကြောင်း တာဝန်ရှိသူများ၏အဆိုအရ သိရသည်။



ရွှေတွင်းပြိုကျမှုတွင် ဒဏ်ရာရရှိခဲ့သူများရှိခဲ့ပြီး လက်ရှိတွင် ဆေးရုံ၌ ဆေးဝါးကုသမှုများခံယူနေကြကြောင်း သိရသည်။

ဗဟိုအာဖရိက သမ္မတနိုင်ငံ၌ တစ်နိုင်တစ်ပိုင် ရွှေတူးသမားများ အလုပ် လုပ်ကိုင်လေ့ရှိသည့် ရွှေတွင်းပြိုကျမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

အဆိုပါ ရွှေတွင်းများမှာ ဘေးအန္တရာယ် ကာကွယ်ရေးစနစ်များ အလုံအလောက် မထားရှိနိုင်ခြင်းကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကြီးမားသည့် နေရာများဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဘလူးအော်ရီဂျင်ကုမ္ပဏီက ကိပ်ကာနေဗာရယ်အာကာသစခန်း၌ New Glenn ဒုံးပျံများအတွက် ဒုတိယဒုံးပစ်စင်တည်ဆောက်နေ



**ဝါရှင်တန် ဩဂုတ် ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်း၌ New Glenn ဒုံးပျံများအတွက် ဒုတိယ ဒုံးပစ်စင်တစ်ခုကို တည်ဆောက်နေကြောင်း ဩဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Glenn ဒုံးပျံဒုံးအင်ဂျင်များ စမ်းသပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးခဲ့ရသော ဒုံးပစ်စင်အမှတ် အယ်စီ ၃၆ အေကို ပြင်ဆင်နေချိန်တွင် အယ်စီ ၃၆ ဘီ ဒုံးပစ်စင်သစ်ကိုပါ တည်ဆောက်နေခြင်းဖြစ်သည်။

အယ်စီ ၃၆ ဘီ ဒုံးပစ်စင်သစ်ကို အရွယ်အစား ပိုမိုကြီးမားသည့် New Glenn ဒုံးပျံများလွှတ်တင်ရေးအတွက် အသုံးပြုရန် ဘလူးအော်ရီဂျင်ကုမ္ပဏီက စီစဉ်ထားသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ယခုနှစ် မေလအတွင်း ပစ်စင်အမှတ် အယ်စီ ၃၆ အေတွင် New Glenn ဒုံးပျံ ဒုံးအင်ဂျင်များစမ်းသပ်စဉ် ဒုံးပျံယာဉ်ပေါက်ကွဲခဲ့ရာ ဒုံးပစ်စင်မှာလည်း ပျက်စီးခဲ့ရသည်။

လက်ရှိအချိန်တွင် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် အယ်စီ ၃၆ အေနှင့် အယ်စီ ၃၆ ဘီ ပစ်စင်များကို ဆက်လက် တည်ဆောက်နေဆဲဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ယခုနှစ်ကုန်ပိုင်းတွင် New Glenn ဒုံးပျံများကို ပြန်လည်လွှတ်တင်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# ယာဉ်မောင်းအလုပ်လုပ်ကိုင်သူများက အခြားအလုပ်လုပ်ကိုင်သူများထက် အယ်ဇိုင်းမားရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ပိုနည်းပါး

**နယူးယောက် ဩဂုတ် ၁၉**

အငှားယာဉ်မောင်းများနှင့်လူနာတင်ယာဉ် ယာဉ်မောင်းများသည် အခြားအလုပ် လုပ်ကိုင်သူများထက် အယ်ဇိုင်းမားရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ပိုနည်းပါးကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ကိုးသန်းကျော်တို့၏ သေစာရင်းမှတ်တမ်းအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အငှားယာဉ်မောင်းအဖြစ် အလုပ်လုပ်ကိုင်သူများ၊ လူနာတင်ယာဉ် ယာဉ်မောင်းအလုပ်လုပ်ကိုင်သူများသည် အခြားအလုပ်အကိုင်များ လုပ်ကိုင်သူများထက် အယ်ဇိုင်းမားရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ပိုနည်းပါးသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယာဉ်မောင်းနေစဉ်အတွင်း လမ်းကြောင်း ရှာရေးအတွက် မြေပုံဖတ်ရခြင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာအလုပ်များ လုပ်ကိုင်နေရခြင်းသည် ဦးနှောက်ကျန်းမာရေးအပေါ် အကျိုးကျေးဇူးရှိနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမေရိကန်နိုင်ငံအတွင်းရှိ အလုပ်အကိုင် ၄၄၃ မျိုးအနက် အငှားယာဉ်မောင်းအလုပ်နှင့်လူနာတင်ယာဉ် ယာဉ်မောင်းအလုပ်လုပ်ကိုင်သူများသည် အယ်ဇိုင်းမားရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို တရုတ်အမျိုးသားအာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်

**ပေကျင်း ဩဂုတ် ၁၉**

ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို တရုတ်အမျိုးသား အာကာသအေဂျင်စီက အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၈ ရက်သတင်းများအရ သိရသည်။




အဆိုပါကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ်များကို လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းရှိ ဟိုင်နန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၂ ဒုံးပျံသည် သယ်ဆောင်ထားသည့် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဂြိုဟ်တုများသည် တရုတ်အမျိုးသား အာကာသအေဂျင်စီက လွှတ်တင်ခဲ့သော ၂၄ သုတ်မြောက် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုမစ်ရှင်ဖြစ်သည်။

ထို့ပြင် အဆိုပါမစ်ရှင်သည် ၁၂ ရက်တာ ကာလအတွင်း လွှတ်တင်ခဲ့သည့် ဒုတိယအသုတ် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု မစ်ရှင်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဩဂုတ် ၄ ရက်ကလည်း ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအုပ်စုတစ်စုကို လောင်းမတ်ချ်-၈ အေ ဒုံးပျံဖြင့် ဟိုင်နန်အာကာသစခန်းမှပင် လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HIV ပိုးအတွက် တစ်ပတ်လျှင်တစ်ကြိမ်သာ သောက်ရမည့်ဆေးက နေ့စဉ်သောက်ရသည့် ဆေးများကဲ့သို့ ထိရောက်စွာထိန်းချုပ်ထားနိုင်

**နယူးယောက် ဩဂုတ် ၁၉**

ခုခံအားကျဆင်းမှုရောဂါပိုးရပ်ပိုး(HIV)အတွက် တစ်ပတ်လျှင် တစ်ကြိမ်သာသောက်ရသည့် ဆေးတစ်မျိုးသည် နေ့စဉ်သောက်ရသည့်ဆေးများကဲ့သို့ ထိရောက်စွာ ထိန်းချုပ်ထားနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်သာ သောက်သုံးရန်လိုအပ်သည့် အထက်ပါ HIV ဗိုင်းရပ်ထိန်းချုပ်ရေးသောက်ဆေးသည် Islatravir 2 mg နှင့် Lenacapavir 300 mg ဆေးနှစ်မျိုးကို ပေါင်းစပ်ထားသော သောက်ဆေးဖြစ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များပြုလုပ်ခဲ့သော တတိယအဆင့် လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါသောက်ဆေးသည် နေ့စဉ်သောက်သုံးရသည့် ဆေးများကဲ့သို့ပင် HIV ဗိုင်းရပ်ကို ထိရောက်စွာ ထိန်းချုပ်ထားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

HIV ဗိုင်းရပ်များကို ဖိနှိပ်ထိန်းချုပ်ထားနိုင်ခြင်းဖြင့် လူ့ခုခံအားစနစ်ကို အကာအကွယ်ပေးထားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



# တရုတ်အမျိုးသားအာကာသအေဂျင်စီက ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့

**ပေကျင်း ဩဂုတ် ၁၉**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဩဂုတ် ၁၇ ရက်တွင် ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုတစ်စင်းကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ် တိုင်ယွန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုကို လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် အထက်ပါကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။


တရုတ်အမျိုးသားအာကာသအေဂျင်စီသည် အထက်ပါကမ္ဘာဂြိုဟ်လေ့လာရေး ဂြိုဟ်တုကို အာရပ်စော်ဘွားများပြည်ထောင်စု (UAE)နိုင်ငံအတွက် လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုသည် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် သယံဇာတစီမံခန့်ခွဲရေး သတင်းအချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း UAE အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

UAE ကမ္ဘာဂြိုဟ်လေ့လာရေးဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၆၄ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၂)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးစဉ်။ (၁၈-၈-၂၀၂၆)

**မြန်မာနဲ့ ရုရှားနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေးသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အရှေ့တောင်အာရှဒေသမှာ ရုရှားနိုင်ငံအတွက် အလွန်ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံက အမြဲရပ်တည်ပေးခဲ့သလို ရုရှားဘက်ကလည်း ကုလသမဂ္ဂနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံနဲ့ပြည်သူတွေဘက်က တစိုက်မတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့တာကို တွေ့ရမှာပါ . . .**

မော်စကိုမြို့ရဲ့ ဩဂုတ်လအလယ်ရာသီဥတုကတော့ နွေရာသီနှောင်းပိုင်းဆောင်းဦးပေါက် ကူးပြောင်းစကာလရဲ့ အေးမြမှုနဲ့အတူ သက်ဝင်လှုပ်ရှားလျက်ရှိနေပါတယ်။ သမိုင်းဝင်အဆောက်အအုံကြီးများဟာ မြူခြေဆိုင်းဆိုင်းလေထုထဲမှာ ခမ်းနားထည်ဝါစွာတည်ရှိနေကြပါတယ်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ဒုတိယမြောက်နေ့ဟာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသမိုင်းမှာ အလွန်တရာအရေးပါတဲ့ မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့ပါတယ်။

ဆိုဗီယက်ယူနီယံလက်ထက် ၁၉၄၈ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တဲ့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးဟာ နှစ်ပေါင်းများစွာ ကြာမြင့်လာတဲ့ထိ အပြန်အလှန်လေးစားမှု၊ တူညီတဲ့ရပ်တည်ချက်တွေနဲ့ သမိုင်းမှတ်တိုင်များကို ခိုင်မာစွာစိုက်ထူခဲ့ကြတာ ဖြစ်ပါတယ်။ ဒီကနေ့ မော်စကိုမြို့ရဲ့ သမိုင်းဝင်နေရာတွေမှာ ဆက်တိုက်ဆိုသလို ကျင်းပခဲ့တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကတော့ မြန်မာ-ရုရှား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီ တက်လှမ်းစေခဲ့ပါပြီ။

**သူရဲကောင်းများကို ဂုဏ်ပြုခြင်း**

ခရီးစဉ်ဒုတိယမြောက်နေ့ မနက်ခင်းအစောပိုင်းမှာပဲ နိုင်ငံတော်သမ္မတနဲ့ အဖွဲ့ဝင်တွေဟာ မော်စကိုမြို့ရဲ့ နာမည်ကျော် အညတရစစ်သည်ဂူဗိမာန်ဆီ သွားရောက်ပြီး ကျဆုံးလေပြီးသော သူရဲကောင်းများကို လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း အမိမြေပေါ် ကျရောက်လာတဲ့ ဖက်ဆစ်တို့ရဲ့ ရန်စွယ်အန္တရာယ်ကို ကာကွယ်တွန်းလှန်ရင်း အသက်ပေးစွန့်လွှတ်ခဲ့ရတဲ့ ဆိုဗီယက်စစ်သည်တော်တွေကို ရည်စူးဂုဏ်ပြုထားတဲ့ နေရာဖြစ်ပါတယ်။ ဒီဂူဗိမာန်ဟာ ရုရှားလူမျိုးတို့အတွက် နိုင်ငံချစ်စိတ်နဲ့ ဇာတိမာန်ကို ဖော်ကျူးနေတဲ့ ဂုဏ်ယူမြတ်နိုးဖွယ်ရာ နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ရုရှားစစ်ဘက်ဆိုင်ရာ အကြီးအကဲတွေနဲ့ ဂုဏ်ပြုတပ်ဖွဲ့ရဲ့ ကြိုဆိုမှုကြားမှာ နိုင်ငံတော်သမ္မတက ပန်းခွေချအလေးပြုခဲ့ပြီး တစ်မိနစ်ငြိမ်သက်ဆုတောင်းချိန်မှာတော့ မြန်မာနိုင်ငံတော်သီချင်းကို ဂုဏ်ပြုတပ်ဖွဲ့က လေးနက်စွာ တီးမှုတ်ဂုဏ်ပြုခဲ့ပါတယ်။ နှစ်နိုင်ငံတပ်မတော်နဲ့ ပြည်သူတွေကြား သမိုင်းကြောင်းအရ နက်ရှိုင်းတဲ့ နားလည်မှုနဲ့ လေးစားမှုကို ထပ်မံအတည်ပြုလိုက်တာပဲဖြစ်ပါတယ်။

**လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု**

မနက်ပိုင်းအချိန်မှာပဲ နိုင်ငံတော်သမ္မတဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် အဆောက်အအုံကို ရောက်ရှိခဲ့ပြီး လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နဲ့ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရားမျှတပြီး သိက္ခာရှိတဲ့ ရွေးကောက်ပွဲတွေကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပုံတွေကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေရဲ့ သုံးသပ်ချက်တွေကိုလည်း တင်ပြခဲ့ပါတယ်။ နှစ်နိုင်ငံ ဥပဒေပြုမဏ္ဍိုင်တွေကြား အပြန်အလှန် လေ့လာရေးခရီးစဉ်တွေ သွားရောက်ဖို့နဲ့ အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းတွေကို ပိုမိုတိုးမြှင့်လုပ်ဆောင်ဖို့ သဘောတူညီခဲ့ကြပါတယ်။ ပြည်တွင်းရေးကို အခြားနိုင်ငံတွေက မစွက်ဖက်ရေးနဲ့ တန်းတူရည်တူရှိရေးမူဝါဒတွေကို အခြေခံပြီး နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ခိုင်မာအောင် တည်ဆောက်သွားဖို့ နှစ်ဖက်လုံးက အလေးအနက် တိုက်တွန်းပြောကြားခဲ့ပါတယ်။

**အစိုးရအဖွဲ့ကြား စီးပွားရေးဆွေးနွေးမှု**


မွန်းလွဲပိုင်းအချိန်မှာတော့ နိုင်ငံတော်သမ္မတဟာ ရုရှားနိုင်ငံအစိုးရအဖွဲ့ရုံးကို ရောက်ရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နဲ့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်က မြန်မာနိုင်ငံဟာ အာရှ၊ အရှေ့တောင်အာရှနဲ့ အာရှပစိဖိတ်ဒေသအတွက် အရေးပါတဲ့ မဟာမိတ် မိတ်ဖက်နိုင်ငံတစ်ခုဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး ဘက်စုံကဏ္ဍစုံကနေ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်သွားမယ်လို့ ဆိုပါတယ်။

နိုင်ငံတော်သမ္မတကလည်း မိမိအနေနဲ့ ရုရှားနိုင်ငံကို ၁၄ ကြိမ်မြောက် လာရောက်ဖူးပေမယ့် သမ္မတတာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်လာရောက်ရတဲ့ ခရီးစဉ်ဖြစ်တာကြောင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။ တွေ့ဆုံပွဲမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့၊ အသေးစားနျူကလီးယားစွမ်းအင်၊ ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေးနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တွေကို အကျယ်တဝင့်ဆွေးနွေးခဲ့ကြပါတယ်။

**နှစ်နိုင်ငံသမ္မတနှစ်ဦး ထိပ်သီးတွေ့ဆုံပွဲ**

ဒေသစံတော်ချိန် ညနေ ၃ နာရီမှာတော့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဟာ မော်စကိုမြို့ရဲ့ အထင်ကရဖြစ်တဲ့ သမိုင်းဝင် ကရင်မလင်နန်းတော်ကြီးဆီ ရောက်ရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်နဲ့ သီးခြားတွေ့ဆုံဆွေးနွေးပွဲ စတင်ခဲ့ပါတယ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတက မြန်မာနိုင်ငံမှာ မကြာသေးခင်က ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှု ဘေးဒဏ်တွေနဲ့ ပတ်သက်ပြီး ပြည်သူတွေအတွက် စာနာထောက်ထားပါကြောင်း ဦးစွာထည့်သွင်းပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး သက်တမ်းကာလတစ်လျှောက် အေးအတူပူအမျှ ရပ်တည်ခဲ့ကြပုံတွေကို အမှတ်ရပြောဆိုခဲ့ကြပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွေမှာ အပြန်အလှန်ပံ့ပိုးကူညီနေမှုတွေကို ကျေးဇူးတင်ရှိကြောင်းဖော်ပြခဲ့ကြပါတယ်။ နိုင်ငံတော်သမ္မတကလည်း ပြီးခဲ့တဲ့နှစ်အတွင်း မန္တလေးငလျင်လှုပ်ခတ်စဉ်တုန်းက ရုရှားနိုင်ငံဘက်က ကယ်ဆယ်ရေးအဖွဲ့တွေ ချက်ချင်းစေလွှတ်ကူညီပေးခဲ့တာကို ယနေ့တိုင် အမှတ်ရ ကျေးဇူးတင်နေဆဲဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြန်လည်ပြောကြားခဲ့ပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ရှေ့မှောက်၌ နှစ်နိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရ နှစ်ရပ်ကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ အသီးသီးလဲလှယ်ကြစဉ်။ (၁၈-၈-၂၀၂၆)

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

**နိုင်ငံရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု**

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးရဲ့ သီးခြားတွေ့ဆုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေတွေ၊ အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းနေမှုတွေကို အသေးစိတ် ဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် ခေတ်သစ်ကမ္ဘာ့ပြဿနာတစ်ရပ်ဖြစ်လာတဲ့ အွန်လိုင်းလောင်းကစားမှုတွေနဲ့ အွန်လိုင်းငွေကြေးလိမ်လည်မှု (Telecom Scams)တွေကို မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံတွေနဲ့လက်တွဲပြီး ပြင်းပြင်းထန်ထန် နှိမ်နင်းချေမှုန်းနေတဲ့ အခြေအနေတွေကို ရှင်းလင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

ဒါ့ပြင် အာဆီယံအဖွဲ့အစည်းအတွင်းမှာ ရုရှား-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို မြန်မာနိုင်ငံက တက်ကြွစွာအကူအညီပေးဆောင်ရွက်နေမှုတွေကို ရုရှားဘက်က လွန်စွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါတယ်။ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး နဲ့ နယ်ပယ်စုံမှာ နှစ်နိုင်ငံကြား တိုးတက် လာတဲ့ ဆက်ဆံရေးတွေဟာ ဒေသတွင်း တည်ငြိမ်ရေးအတွက်ပါ အထောက်အကူဖြစ်စေတယ်လို့ နှစ်ဖက်လုံးက သုံးသပ်ခဲ့ကြပါတယ်။

**သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ**

ဆွေးနွေးပွဲတွေ အပြီးမှာတော့ နှစ်နိုင်ငံ ခေါင်းဆောင်တွေ ရှေ့မှောက်မှာပဲ သမိုင်းဝင်သဘောတူစာချုပ်နဲ့ နားလည်မှုစာချွန်လွှာ (MoU) စုစုပေါင်း ၁၂ ခုကို သက်ဆိုင်ရာဝန်ကြီးတွေနဲ့ တာဝန်ရှိသူတွေက အောင်မြင်စွာ လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့ကြပါတယ်။ အဆိုပါ စာချုပ်တွေထဲမှာ တစ်ဖက်သတ် အကျပ်ကိုင်ဆောင်ရွက်မှုတွေရဲ့ ဆိုးရွားတဲ့ သက်ရောက်မှုတွေကို တုံ့ပြန်ဖြေရှင်းမယ့် နည်းလမ်းများဆိုင်ရာ ကြေညာချက်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ဒါ့ပြင် လျှပ်စစ်စွမ်းအား၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့၊ ရေဒီယိုအီလက်ထရောနစ်နဲ့ ဒစ်ဂျစ်တယ်နည်းပညာ၊ ယှဉ်ပြိုင်မှုအဖွဲ့အစည်း၊ ယဉ်ကျေးမှုနဲ့ အနုပညာ၊ သတင်းအချက်အလက်နည်းပညာ (ICT)စတဲ့ ကဏ္ဍစုံပါဝင်ပါတယ်။နှစ်နိုင်ငံ အစိုးရတွေကြားနှစ်ပေါင်းများစွာ ခိုင်မာလာတဲ့စီးပွားရေးနဲ့ နည်းပညာမိတ်ဖက်ဆက်ဆံရေးကို ဒီကနေ့ လက်မှတ်ရေးထိုးလိုက်တဲ့ သဘောတူညီချက်တွေက ပိုမိုခိုင်မာ တောင့်တင်းသွားစေမှာ အသေအချာပါပဲ။

**အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး**

ဒီကနေ့ ရုရှားနိုင်ငံနဲ့ လက်မှတ်ရေးထိုးခဲ့တဲ့ စာချုပ်တွေထဲမှာ အာကာသနည်းပညာနဲ့ သိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေက အထူးဂရုပြုစရာကောင်းလောက်အောင် ကြီးမားတဲ့အောင်မြင်မှုတစ်ခုဖြစ်လာခဲ့ပါတယ်။ ဂြိုဟ်တုလမ်းညွှန်မှုစနစ်၊ လူလိုက်ပါသောအာကာသခရီးစဉ်များ၊ COSPAS-SARSAT ရှာဖွေ ကယ်ဆယ်ရေးစနစ်နဲ့ အာကာသအန္တရာယ်သတိပေးစနစ် (AS-POS) နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

မြန်မာအာကာသအေဂျင်စီနဲ့ Ple-khanov Russian University of Eco-nomics တို့ကြား နားလည်မှုစာချွန်လွှာအပြင် ငြိမ်းချမ်းသောရည်ရွယ်ချက်အတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးဆိုင်ရာ သဘောတူညီချက်တွေကိုပါ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ ရှေ့အနာဂတ်မှာ မြန်မာအာကာသယာဉ်မှူးတွေပါ အာကာသခရီးစဉ်တွေမှာ ပါဝင်နိုင်ရေးအတွက် ရုရှားနိုင်ငံနဲ့ ပူးပေါင်းရွေးချယ်လေ့ကျင့်ရေးလုပ်ငန်းတွေကိုပါ လုပ်ဆောင်သွားမှာဖြစ်လို့ နိုင်ငံအတွက် ကြီးမားတဲ့ နည်းပညာဆိုင်ရာ ခုန်ပျံကျော်လွှားမှုတစ်ခု ဖြစ်လာမှာပါ။

**မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားချက်များ**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်က မြန်မာနိုင်ငံနဲ့ ရေးဦးကတည်းက တည်ဆောက်ခဲ့တဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ကာလရှည်ကြာ ခိုင်မြဲနေတယ်လို့ ဆိုပါတယ်။ ဆိုဗီယက်ခေတ်ကတည်းက တည်ဆောက်ပေးခဲ့တဲ့ ဆေးရုံ၊ တက္ကသိုလ်တွေဟာ ယနေ့တိုင် မြန်မာပြည်သူတွေအပေါ် အကျိုးပြုနေတာကို မြင်တွေ့ရတဲ့အတွက် ဝမ်းမြောက်ကြောင်းနဲ့ အစိုးရ၊ လုံခြုံရေးနဲ့ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေဟာ အလွန်တရာခိုင်မာနေတယ်လို့ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ရုရှားသမ္မတက စွမ်းအင်ကဏ္ဍ၊ နျူကလီးယားစက်ရုံ၊ရေနံနဲ့ သဘာဝဓာတ်ငွေ့၊ သံမဏိနဲ့ မြေဩဇာစက်ရုံတွေအပြင် ရေနက်ဆိပ်ကမ်းစီမံကိန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ Digital နယ်ပယ်နဲ့ Cyber Security လိုမျိုး High-Tech ကဏ္ဍတွေမှာ ရုရှားကုမ္ပဏီတွေရဲ့ အဆိုပြုချက်တွေများပြားနေပြီး နိုင်ငံတကာရေးရာမှာလည်း နှစ်နိုင်ငံရပ်တည်ချက် အလွန်နီးကပ်သလို ပြည်တွင်းရေးစွက်ဖက်မှုတွေကို အချိန်တိုင်းကန့်ကွက်သွားမယ်လို့ ခိုင်မာစွာပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကလည်း မြန်မာနဲ့ ရုရှားဟာ လွတ်လပ်ရေးရပြီးခါစကတည်းက မိတ်ဆွေစစ်တွေဖြစ်ကြပြီး အခုခရီးစဉ်ဟာ နှစ်နိုင်ငံဆက်ဆံရေးကို အမြင့်ဆုံးအဆင့်ထိ ရောက်ရှိစေမယ့် အဓိကတွန်းအားတစ်ရပ်ဖြစ်တယ်လို့ ပြန်လည်ပြောကြားခဲ့ပါတယ်။ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေအပြင် ကာကွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ သိပ္ပံနဲ့နည်းပညာ၊ ကျန်းမာရေးနဲ့ ခရီးသွားလုပ်ငန်းနယ်ပယ်ပေါင်းစုံမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး ဗီဇာကင်းလွတ်ခွင့်စနစ်ကြောင့် နှစ်နိုင်ငံပြည်သူတွေကြား ကူးလူးဆက်ဆံမှု ပိုမိုမြင့်မားလာတော့မှာ ဖြစ်ပါတယ်။

ဒါ့ပြင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအနေအထားနဲ့ သဘာဝသယံဇာတ ပေါကြွယ်ဝမှုတွေကို အသုံးချပြီး ရုရှားစီးပွားရေးလုပ်ငန်းရှင်တွေကို လာရောက်ရင်းနှီးမြှုပ်နှံဖို့ တွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် ဖိတ်ခေါ်ခဲ့ပါတယ်။ နောင်အနာဂတ်မှာလည်း နိုင်ငံတကာမျက်နှာစာမှာ နှစ်နိုင်ငံ နီးကပ်စွာ ဆက်လက်ရပ်တည်သွားမှာဖြစ်သလို ရုရှားအစိုးရ၊ ပြည်သူတွေနဲ့ အတူ လက်တွဲဆောင်ရွက်သွားဖို့ အသင့်ရှိကြောင်း ရင်းနှီးပွင့်လင်းစွာ ပြောကြားခဲ့ပါတယ်။

**သံတမန်ရေးရာ အပြုသဘောဆောင်သော သုံးသပ်ချက်**

မြန်မာနဲ့ ရုရှားနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေးသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် အရှေ့တောင်အာရှဒေသမှာ ရုရှားနိုင်ငံအတွက် အလွန်ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံက အမြဲရပ်တည်ပေးခဲ့သလို ရုရှားဘက်ကလည်း ကုလသမဂ္ဂနဲ့ နိုင်ငံတကာမျက်နှာစာတွေမှာ မြန်မာနိုင်ငံနဲ့ ပြည်သူတွေဘက်က တစိုက်မတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့တာကို တွေ့ရမှာပါ။

အနောက်အုပ်စုအချို့ရဲ့ တစ်ဖက်သတ် အကျပ်ကိုင်ပိတ်ဆို့မှုတွေနဲ့ ဖိအားပေးမှုတွေကြားမှာ နှစ်နိုင်ငံဟာ ပိုမိုနီးကပ်လာကြပြီး အပြန်အလှန်အကျိုးပြုမယ့် ကုန်သွယ်ရေးနဲ့ စွမ်းအင်စီမံကိန်းတွေကို အကောင်အထည်ဖော်လာနိုင်ခဲ့ကြပါတယ်။ ဒီကနေ့ မော်စကိုမြို့မှာ ကျင်းပတဲ့ ထိပ်သီးဆွေးနွေးပွဲတွေနဲ့ သဘောတူညီချက်တွေက ပြသနေတာကတော့ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရာမှာ အပြန်အလှန်လေးစားမှုအပေါ်အခြေခံတဲ့ မဟာမိတ်ဆက်ဆံရေးဟာ ဘယ်လိုဖိအားမျိုးကိုမဆို ရင်ဆိုင်ကျော်ဖြတ်နိုင်တယ်ဆိုတဲ့ အချက်ပါပဲ။

**ခရီးစဉ်၏ အထွတ်အထိပ် ရလဒ်များ**

နိဂုံးချုပ်အနေနဲ့ဆိုရရင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ် ဒုတိယမြောက်နေ့လုပ်ငန်းစဉ်တွေဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နည်းပညာနဲ့ အာကာသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် သမိုင်းဝင်ခြေလှမ်းသစ်တစ်ခု ဖြစ်လာခဲ့ပါပြီ။

ကရင်မလင်နန်းတော်ထဲမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နဲ့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ခြင်း၊ ဝန်ကြီးချုပ်နဲ့ ဒူးမားလွှတ်တော်ဥက္ကဋ္ဌတို့ထံကနေ ခိုင်မာတဲ့ အာမခံချက်တွေရရှိခဲ့ခြင်းနဲ့ အရေးပါတဲ့ နားလည်မှုစာချွန်လွှာ ၁၂ ခုကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းတို့ဟာ မြန်မာပြည်သူတွေအတွက် လက်တွေ့ကျတဲ့ အကျိုးကျေးဇူးတွေကို သယ်ဆောင်လာပေးမှာ သေချာပါတယ်။

မော်စကိုမြို့ရဲ့ ဆောင်းဦးပေါက်ရာသီကူးပြောင်းစ အေးမြတဲ့လေထုထဲမှာ ရုရှား-မြန်မာ နှစ်နိုင်ငံ ခေါင်းဆောင်တွေရဲ့ နွေးထွေးတဲ့လက်ဆွဲနှုတ်ဆက်မှုတွေနဲ့အတူ ခိုင်မာတဲ့ဆုံးဖြတ်ချက်တွေဟာ နောင်လာမယ့်ဆယ်စုနှစ်ပေါင်းများစွာအတွက်ပါ နှစ်နိုင်ငံချစ်ကြည်ရေးမီးရှူးတန်ဆောင်အဖြစ် ဆက်လက်တောက်ပနေအုံးမှာ ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါတယ်။ ။

**ရဲခေါင်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustimတို့ တွေ့ဆုံဆွေးနွေးစဉ်။ (၁၈-၈-၂၀၂၆)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ အညတရ စစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။ (၁၈-၈-၂၀၂၆)

# အန္တရာယ်ကြားမှာ ဉာဏ်နဲ့ကစားမယ် ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်




**ရန်ကုန် ဩဂုတ် ၁၉**

အန္တရာယ်ကြားမှာ ဉာဏ်နဲ့ကစားမယ် ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းက ဩဂုတ် ၂၉ ရက်မှစတင်ကာ ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း သရုပ်ဆောင် နေထူးနိုင်ထံမှ သိရသည်။

အဆိုပါ အန္တရာယ်ကြားမှာ ဉာဏ်နဲ့ကစားမယ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွင်ဗိုလ်က ရေးသားထားပြီး ဆောင်းနှင်းရည် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဒါရိုက်တာလွင်ဗိုလ်ကပင် တာဝန်ယူ ပုံဖော်ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"အန္တရာယ်ကြားမှာ ဉာဏ်နဲ့ကစားမယ်ဇာတ်လမ်းတွဲမှာ ရှေးဟောင်းပစ္စည်းတွေ စုဆောင်းတာ ဝါသနာပါတဲ့ ဦးနေသူရိန်၊ ရှေးဟောင်းဆံထိုးကို ရှာဖွေနေတဲ့ အလင်္ကာ၊ အလင်္ကာကို ကူညီပေးမဲ့ ရောင်နီ။ ဒီသုံးယောက်အနက် ဘယ်သူက အန္တရာယ်တွေကြားမှာ ဉာဏ်နဲ့ကစားပြီး ဘယ်လိုယှဉ်ပြိုင်အနိုင်ယူမလဲ၊ အလင်္ကာရှာနေတဲ့ ဆံထိုးကရော အလင်္ကာရဲ့ လက်ထဲ ပြန်ရောက်နိုင်ပါ့မလား ဆိုတာ ရင်ခုန်စိတ်လှုပ်ရှားစွာ ကြည့်ရှုရမဲ့ အန္တရာယ်ကြားမှာ ဉာဏ်နဲ့ကစားမယ် ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးတော့မှာဖြစ်ပါတယ်"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အန္တရာယ်ကြားမှာ ဉာဏ်နဲ့ ကစားမယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေထူးနိုင်၊ နေထက်နိုင်၊ ရဝိန်၊ လွင်ဗိုလ်၊ စောသစ်၊ မင်းဇော်လေး၊ ရဲထွန်း၊ ဇော်ထွန်း၊ ရန်လင်းအောင်၊ တင့်နိုင်ဝင်း၊ ဆုနဒီထက်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# X-Men ရုပ်ရှင်ဇာတ်ကား၌ မင်းသား ခရစ္စတိုဖာအက်ဘော့ ပါဝင်မည်

**နယူးယောက် ဩဂုတ် ၁၉**

မာဗယ်စတူဒီယို၏ X-Men စူပါဟီးရိုး ရုပ်ရှင်ဇာတ်ကား၌ မင်းသား ခရစ္စတိုဖာအက်ဘော့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် ခရစ္စတိုဖာအက်ဘော့သည် မင်းသား အဒမ်ဒရိုက်ဗာ၊ မင်းသမီး အင်ဒီနာ ဗားရက်၊ မာယာဘွိုက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

X-Men ဇာတ်ကားတွင် မင်းသား ခရစ္စတိုဖာအက်ဘော့သည် ပါမောက္ခအိတ် ဇာတ်ကောင်နေရာ၌ သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ X-Men ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ရှရိုင်ရာက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ လီဆောင်ဂျင်နှင့် ဂျိုအာနာကာလိုတို့က ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ဖိုးကာ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ဇမ္ဗူသီရိမြို့နယ်ရှိ Henry Bar ၌ ပြုလုပ်သွားမည်

**ရန်ကုန် ဩဂုတ် ၁၉**

တေးသံရှင် ဖိုးကာ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ Henry Bar ၌ ဩဂုတ် ၂၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဖိုးကာထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဖိုးကာ၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဖိုးကာနှင့်အတူ Henry Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးပါဝင်တီးခတ်သွားမည် ဖြစ်ကြောင်း သိရသည်။

"နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်က Henry Bar မှာ Henry Music Band




နဲ့အတူ ဩဂုတ် ၂၉ ရက် ညမှာ အကောင်းဆုံးဖျော်ဖြေတင်ဆက်သွားဖို့ ရှိပါတယ်။ ကျွန်တော်နဲ့အတူ Henry Bar ရဲ့ ပင်တိုင်တေးသံရှင်တွေကလဲ ပါဝင်ပံ့ပိုး သီဆိုပေးကြမှာ ဖြစ်ပါတယ်။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်"ဟု တေးသံရှင် ဖိုးကာက ပြောပြသည်။

တေးသံရှင် ဖိုးကာ၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို Henry Bar ၌ ဩဂုတ် ၂၉ ရက် ည ၇ နာရီမှစတင်ကာ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Romy and Michele's High School Reunion ဇာတ်ကားသစ်၌ မင်းသမီး ဝင်ဒီမက်လင်ဒန်ကိုဖေး ပါဝင်လာ

**နယူးယောက် ဩဂုတ် ၁၉**

၂၀ ရာစု ရုပ်ရှင်စတူဒီယို၏ Romy and Michele's High School Reunion နောက်ဆက်တွဲ ဇာတ်ကားသစ်၌ မင်းသမီး ဝင်ဒီမက်လင်ဒန်ကိုဖေး ပါဝင်လာကြောင်း ဩဂုတ် ၁၈ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားသစ်တွင် ဝင်ဒီမက်လင်ဒန်သည် မင်းသမီး လီဆာကူဒရိုး၊ မိုင်ရာဆော်ဗီနိုတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Romy and Michele's High School Reunion ဇာတ်ကားသစ်၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက ကြေညာခြင်း မရှိသေးပေ။

မူလ Romy and Michele's High School Reunion (1997) ဇာတ်ကားသည် ၁၀ နှစ်အကြာတွင် ပြန်လည်ဆုံတွေ့ခဲ့သော အထက်တန်းကျောင်းမှ သူငယ်ချင်းနှစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

Romy and Michele's High School Reunion နောက်ဆက်တွဲ ဇာတ်ကားကို လော့စ်အိန်ဂျယ်လိစ်မြို့၌ စတင်ရိုက်ကူးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ တင်ဖက်ဒါလီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ရော်ဘင်စကာစ်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# တေးသံရှင် ဝိုင်းလေး၏ ခွင့်လွှတ်ပေးပြီးသား တေးသီချင်း Music Video ထွက်ရှိလာ

**ရန်ကုန် ဩဂုတ် ၁၉**

တေးသံရှင် ဝိုင်းလေး၏ ခွင့်လွှတ်ပေးပြီးသား အမည်ရှိ တေးသီချင်း Music Video ဩဂုတ် ၁၈ ရက်က ထွက်ရှိလာကြောင်း တေးသံရှင် ဝိုင်းလေးထံမှ သိရသည်။

အဆိုပါ ခွင့်လွှတ်ပေးပြီးသား အမည်ရှိ တေးသီချင်းကို တေးရေးသော်မိုးစက်က ရေးသားပေးထားပြီး Music နှင့် Mixing Master ပိုင်းကို Dave Chen က တီးခတ်ပေးထားကြောင်း၊ ခွင့်လွှတ်ပေးပြီးသား တေးသီချင်း Music Video ကို Flow App, Melo App, Wyne Lay YouTube တို့တွင် ဩဂုတ် ၁၈ ရက်မှ စတင်ထုတ်လွှင့်ပေးထားကြောင်း သိရသည်။

"ဝိုင်းလေးရဲ့ သီချင်းနာမည်က ခွင့်လွှတ်ပေးပြီးသားလို့ အမည်ရပါတယ်။ ကိုယ်ချစ်ရတဲ့သူအတွက်ဆို သူချစ်ရတဲ့ အခြားတစ်ယောက်နဲ့ ပျော်နေတာလေး ကိုပဲငေးကြည့်ရင်း ဘာမဆို ခွင့်လွှတ်ပေးနေရတဲ့ ပုံစံမျိုးပါ။ သိပ်ကိုလိုက်ဖက်တဲ့ မင်းရဲ့ချစ်သူနဲ့ မနာလိုတောင် ဖြစ်ရပါတယ် အချစ်ရယ်ပေ့ါနော်။ တကယ်တော့ ကိုယ်ဟာ မင်းအတွက် အမှိုက်လေးတစ်ခုပါပဲ။ အရာရာကို ခွင့်လွှတ်ပေးထားတဲ့ အချစ်သီချင်းလေးပါ"ဟု တေးသံရှင် ဝိုင်းလေးက ပြောပြသည်။

တေးသံရှင် ဝိုင်းလေးကို အိပ်မက်ဆုံရာ ပြိုင်ပွဲမှတစ်ဆင့် တေးချစ်သူများက သိရှိလာခြင်းဖြစ်ကြောင်း၊ အဆိုပါ တေးသံရှင် ဝိုင်းလေးသည် Miss World Myanmar 2014 အလှမယ်တစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

ASH

# The title of Honorary Professor conferred on President of the Republic of the Union of Myanmar U Min Aung Hlaing by the G.V. Plekhanov Russian University of Economics of the Federal State Budgetary Educational Institution of Higher Education in Moscow, Russian Federation




**President U Min Aung Hlaing signs the guest book of G.V. Plekhanov Russian University of Economics.**

**Nay Pyi Taw August 19**

A ceremony to confer the title of Honorary Professor on President of the Republic of the Union of Myanmar U Min Aung Hlaing by the G.V. Plekhanov Russian University of Economics of the Federal State Budgetary Educational Institution of Higher Education in Moscow, Russian Federation took place at the convocation hall of the university this morning.

The President and his high-level Myanmar delegation arrived at the university and were warmly welcomed by Deputy Minister of Science and Higher Education of the Russian Federation Mr. Mogilevsky Konstantin Ilyich, Rector Mr. LOBANOV Ivan Vasilyevich, and officials.

The President cordially discussed additional subjects that the university is teaching, such as science, digital and AI technologies, apart from economics, with the deputy minister and the rector at the latter's office. He also sought means to enhance education cooperation between Myanmar and the university.

The ceremony to confer the title of Honorary Professor on the President was held. Present at the ceremony together with the President were members of the delegation, union ministers U Khin Maung Yi, U Tin Maung Swe, Dr. Chaw Chaw Sein, Dr. Thet Khaing Win, U Ko Ko Lwin, and Dr. Charlie Than, Chief Executive Officer of the Myanmar Space Agency Dr. Soe Myint Maung, Chief Minister of Taninthayi U Zaw Naing Oo, senior military officers from the Office of the Commander-in-Chief, and deputy ministers, Deputy Minister Mr. Mogilevsky Konstantin Ilyich, the rector and the pro rector of the university and senior officials.

The ceremony began with the playing of the national anthems of Russian Federation and the Republic of Union of Myanmar and paying respects to the songs.

According to the agenda, the rector sought the board's approval regarding the conferment of an Honorary Professor title on President U Min Aung Hlaing, and declared the ceremony open.

In his discussions, the Russian deputy minister praised the unanimous approval made by the board regarding the conferment of an Honorary Professor title on the President as a commendable action. He said this commendable action will pave the way to deepen cooperation in business and education between the two countries. As already mentioned by President U Min Aung Hlaing and President Mr. Putin during their discussions, the Myanmar-Russian multi-sector cooperation was developing with greater momentum during the previous years. The educational cooperation is also an important part of the multi-sector cooperation. Myanmar scholars are coming for further studies at the Russian universities every year, and Russia is increasing the number of scholarship awards every year. An MoU on education cooperation was reached last year between the two countries. It is believed that the education cooperation programs will further strength the existing ties between the two countries. Today's ceremony to confer the title of Honorary Professor on President U Min Aung Hlaing by the university will further strengthen the existing ties between the two countries.

The rector then explained the university's conferment of the title on the President.

Union Minister for Education Dr. Chaw Chaw Sein explained President U Min Aung Hlaing's educational background, his service in national defense, his successive appointments to the State responsibilities, the conferment of domestic and international honorary degrees and awards in political, economic, social, and religious fields.

The rector obtained the board's approval and conferred the title of Honorary Professor of the university on the President.

In delivering his speech of thanks, the President stated that, first of all, he would like to express his extreme pride, delight, and profound gratitude for being conferred the title of 'Honorary Professor' by the renowned Plekhanov Russian University of Economics of the Russian Federation.

The President stated that **he considers the conferment of this honorary degree by Plekhanov University to be not only an honour for him personally, but also an honour for Myanmar and the entire people of Myanmar**. This honorary professorship is not merely an individual recognition, but rather a driving force to further strengthen the strategic partnership and cooperation between Myanmar and the Russian Federation in the fields of education, research, and long-term future development.

The President noted that it is known Plekhanov University has existed for 119 years to date, producing over 14,000 students, including international students from 75 countries. The President expressed immense pride in having the opportunity to become a part of this great university, which continuously strives to strengthen international and academic connections, and has not only conferred honorary degrees upon prominent global political leaders and scholars but also produced outstanding and brilliant leaders.

The President stated that the conferment of this honorary professorship also serves as a symbol that further strengthens the long-standing friendly bilateral relations and cooperation between Myanmar and Russia, as well as the warm ties between the peoples of both nations. The President noted that diplomatic relations between Myanmar and Russia were established on 18 February 1948, and reached their 75th anniversary in 2023. Throughout history, the two countries have not only established friendly relations and close cooperation but have also advanced to a deeper level of economic, technological, and multi-sectoral strategic partnership. In particular, significant progress has been achieved in the economic sector, energy, space, and the peaceful use of nuclear technology.

The President stated with great satisfaction that mutual visits and multi-sectoral cooperation between the two countries are gaining momentum, and that over the past five years, bilateral relations and cooperation have strengthened, reaching their highest level. The President added that for him personally, this current trip to Russia marks his 14th visit.

The President stated that the primary lifeblood for a country's stability and long-term development is 'education and human resource development.' The President mentioned that since assuming state responsibilities, the government has been prioritizing the comprehensive development of the education sector as a national policy. In particular, efforts are being made to build a stronger basic education system, upgrade curricula, expand vocational training and technical schools related to the industrial, agricultural, and livestock breeding sectors, and comprehensively enhance the teaching systems of universities in the higher education sector to meet international standards.

Furthermore, the President underlined that scholars are being sent abroad, including to Russia, to further enhance and enrich the knowledge and skills of the new generation of young Myanmar citizens who will shape the future of the nation. Over the past 25 years, more than 7,000 Myanmar scholars have been sent to study in Russia. As a result of this, they have been able to increasingly contribute to Myanmar's development across multiple sectors, for which he would like to express his profound gratitude to Russia. The President noted that the development of a country requires not only science and technology, but also a large number of economists, subject matter experts, and legal professionals. Therefore, starting four years ago, all arts and science universities in Myanmar have been taking measures such as opening Bachelor of Arts (Economics) and Bachelor of Arts (Law) degree courses, as well as awarding scholarships to outstanding students.

The President said that Myanmar is a developing nation, and although primary education was previously designated as compulsory, education has now been made compulsory up to the completion of middle school (KG + 9). He also mentioned that up to 10 percent of the state budget allocation is being designated for educational expenditures.

*See Page 13*

# President U Min Aung Hlaing delivers opening address at the 2026 Russia-Myanmar Business Forum




**President U Min Aung Hlaing delivers an opening speech at the 2026 Russia-Myanmar Business Forum.**

**Nay Pyi Taw August 19**

The 2026 Russia-Myanmar Business Forum took place at G.V. Plekhanov University of Economics of the Federal State Budgetary Educational Institution of Higher Education in Moscow, Russian Federation, at 10.30 am today when the President of the Republic of the Union of Myanmar, U Min Aung Hlaing, who is currently on an official visit to the Russian Federation, delivered a speech.

The ceremony was attended by Union ministers and party who accompanied the President on his visit, the Myanmar Ambassador to the Russian Federation, Minister of Economic Development of the Russian Federation Mr. Maxim Gennadyevich Reshetnikov, Rector of G.V. Plekhanov University of Economics Mr. LOBANOV Ivan Vasilyevich , the Russian Federation to Myanmar and officials, the Patron of the Republic of the Union of Myanmar Federation of Chambers of Commerce and Industry and members, Myanmar-Russian businesspeople and guests.

Rector of G.V. Plekhanov University of Economics Mr. LOBANOV Ivan Vasilyevich, UMFCCI President U Aye Win and Minister of Economic Development of the Russian Federation Mr. Maxim Gennadyevich Reshetnikov extended greetings.

In his speech, President U Min Aung Hlaing said that he is greatly delighted to have the opportunity to deliver a speech at this ceremony, which was held with the aim of further strengthening economic cooperation between Myanmar and the Russian Federation. The President expressed his belief that this visit will further strengthen the friendship and economic cooperation between the peoples of Myanmar and Russia, and will also encourage and promote regional economic development.

**Myanmar-Russian Partner Relations**

The President stated that diplomatic relations between Myanmar and Russia were established on 18 February 1948, just 45 days after Myanmar gained its independence, and the 80th anniversary will be reached in 2028. He noted that although the two countries are geographically separated by oceans and continents, the close relations built upon mutual understanding and strategic considerations have already surpassed the Diamond Jubilee milestone.

The President added that having maintained and promoted these ties with mutual understanding, trust, and friendship over many years, current bilateral relations have now advanced to the level of a strategic partnership. Therefore, there is immense potential for the relationship between the two countries to further expand mutually beneficial cooperation—not only between the governments but also between the peoples and business communities.

The President unveiled that in today's global economy, new opportunities are emerging due to shifts in supply chains, technological advancements, and regional cooperation. It is well known to all that even during times of heightened global geo-economic challenges, Russia-Myanmar bilateral relations continue to feature strong cooperation on the international stage, built on mutual understanding and trust. In particular, trade and investment ties rooted in bilateral diplomatic relations serve as key driving forces for the two countries' friendship, economic development, and future aspirations.

Regarding bilateral trade, the President noted that currently, Myanmar primarily exports mango squish, value-added products, and garments to Russia, while mainly importing fuel oil and fertilizers from Russia. Furthermore, discussions are underway to increase the export of Myanmar products such as rice, pulses, corn, sesame, and marine products. The President highlighted that Myanmar Pawsan rice is a premium, highly marketable rice variety.

The President stated that currently, Russia has already begun implementing investment projects worth US$97.359 million in Myanmar's oil, natural gas, and industrial sectors. He expressed his confidence that in the future, Myanmar and Russia will promote and deepen their



**President U Min Aung Hlaing showcases samples of Myanmar agricultural products to Russian businessmen.**

cooperation in the agricultural sector, energy, infrastructure, industry, science and technology, as well as education and human resource development.

**Facts about Myanmar**

First of all, he stated that he would like to introduce Myanmar as a highly important country not only geopolitically but also economically, as it is situated in a strategic location connecting South Asia, Southeast Asia, and China. He noted that Myanmar is located in Southeast Asia and is a member state of ASEAN, sharing borders with China, Laos, Thailand, India, and Bangladesh. Myanmar has a population of over 51 million, which is about one-third of Russia's population. He mentioned that Nay Pyi Taw is designated as the administrative capital, while Yangon, which is closer to the sea, serves as the commercial capital where business activities are extensively carried out.

In terms of human resources, Myanmar has a large pool of employable human resources, with the working-age population accounting for 66.9 per cent of the country's total population. Since 2001, Russia has provided education and training to more than 7,000 Myanmar students in fields such as politics, economics, technology and management, thereby helping ensure the availability of the human resources needed for national development.

As Myanmar has a hot and humid monsoon climate, agricultural and livestock farming activities can be carried out throughout the year. Therefore, the government is working to further develop and advance agriculture- and livestock-based production by applying modern technologies, while also promoting comprehensive development across other economic sectors. Efforts are also being made to promote the development of micro, small and medium-sized enterprises (MSMEs). In addition, value-added mineral products can be produced through the processing and refining of underground natural resources.

Myanmar produces copper, gold, silver and other minerals. Coal is also available in some areas of the country, making it possible to undertake coal-based electricity generation and fertilizer production.


**Preparation of infrastructure**

Efforts are being made to increase both domestic and foreign investment by creating a clearer, more stable and transparent business environment, streamlining procedures, and continuously providing appropriate policy support. Myanmar is particularly encouraging and inviting high-quality and responsible investments, while also placing emphasis on ensuring a sustainable ecosystem and a balanced economy.

The State will provide the necessary support to the best of its ability. Economic reforms are also being undertaken to further improve the business and investment environment in the country. For example, tariff rates have been reduced for investments in electric vehicles (EVs) and related industries. In addition, efforts are being made to transition processes to digital systems to make them more convenient and faster,

*See Page 14*

# Roscosmos state corporation representatives led by director general pay courtesy call on President of Republic of Union of Myanmar U Min Aung Hlaing



President U Min Aung Hlaing holds talks with General Director Mr. Dmitry V. Bakanov of Roscosmos State Corporation of the Russian Federation.

**Nay Pyi Taw August 19**

A group of representatives from Roscosmos state corporation of the Russian Federation led by General Director Mr. Dmitry V. Bakanov paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the hotel the President was staying at 12.30 pm local time during his official state visit to Moscow in the Russian Federation.

Also present at the call were members of his entourage union ministers, the chief executive director of the Myanmar Space Agency, deputy ministers, the ambassador of Myanmar to the Russian Federation and officials while the director general of Roscosmos was accompanied by the ambassador of the Russian Federation to Myanmar and officials.

During the call, they warmly discussed signing an agreement on receiving satellite photographs from the ERS satellite and receiving data, contributions to Myanmar's space technology development as direct cooperation between the two space agencies represents a significant landmark in Russia-Myanmar multisectoral cooperation, signing an agreement on research and application of outer space for peaceful purposes between Myanmar and the Russian Federation, reaching agreements and MOU on selecting and training candidate astronauts, the satellite-based search and rescue systems (COSPAS-SARSAT), the satellite navigation one way station, practical cooperation in the automatic warning system about space dangers near the earth (ASPOS) between Roscosmos and the Myanmar space agency during the President's current visit, matters related to selecting and training astronauts from Myanmar, implementation of the international satellite-based defense system (COPAD -SARSAT), the satellite navigation one way station, the automatic warning system about space dangers near the earth (ASPOS) and the low altitude communication satellite system in Myanmar, matters related to launching nano-satellites, further enhancing the space cooperation between the two countries for development of space technologies in Myanmar, human resources development and multisectoral development in Myanmar.

After the discussions, the President and the Roscosmos general director exchanged gifts. MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing visits Memorial Museum of Cosmonautics in Moscow

**Nay Pyi Taw August 19**

President of the Republic of the Union of Myanmar U Min Aung Hlaing, who was on an Official Visit to Moscow, the Russian Federation, visited Memorial Museum of Cosmonauticst at 4pm local time today. The President was accompanied by members of the delegation.

First, the President and party were welcomed by officials of the museum.

The President and party looked around the booths that displayed the replica of the first satellite launched by Russia, the replica of the spacecraft, piloted by Yuri Gagarin, and the images of his life, Cosmonaut suits, the camera that documented the Earth from space for the first time, spacecrafts, lunar lander simulation, meteorites, replica of cosmodrome, with keen interest. Officials reported on salient points of the displays.

The President asked for more information.

The President then signed the visitor's book of the museum, and accepted a documentary book on the museum and commemorative gifts from a museum official and in return presented him souvenirs.

The Memorial Museum of Cosmonautics was opened on 10 April 1981 in Moscow as a monument to the humanity's conquest of space. Located at the foot of Monument to the Conquerors of Space, which is a 107-meter high giant obelisk near the VDNKh metro station in Moscow, the museum houses over 85,000 booths that showcase a variety of displays including space technology, tools used by Yuri Gagarin, the world's first cosmonaut, and the taxidermied remains of the famous space dogs Belka and Strelka.

Later in the evening, the President and his party took a scenic river cruise along the Moscow River to observe the city's systematic urban development, scenic beauty, well-maintained waterways, and neatly arranged green zones within various city layouts along the riverbanks.

The Moscow River serves as the lifeline of the capital city, Moscow, playing a vital role in municipal water supply and industrial operations. Furthermore, with cruise ships and waterfront parks stretching along its banks, it stands as a central tourist hub rich in natural beauty, attracting domestic and international visitors each year. MNA



President U Min Aung Hlaing visits the Memorial Museum of Cosmonautics in Moscow.

*From Page 11*

The President stated that just as special plans are being laid down to ensure access to education for educationally disadvantaged areas, the education sector is being specially promoted and encouraged by expanding industrial, agricultural, and livestock breeding high schools, and by taking measures to upgrade education degree colleges into teacher training universities.

The President stated that his government wishes to further enhance educational cooperation between Myanmar and Russia—such as academic exchanges, research collaborations, and the sending of scholars—even more than at present.

The President stated that he would like to express his gratitude on behalf of the people for the Russian Federation's assistance, support, and enthusiastic cooperation towards Myanmar and its people.

The President expressed his belief that Plekhanov Russian University of Economics will be able to play an important role both in collaborating with universities in Myanmar and in other development sectors, and he concluded by stating that he highly values this honorary professorship conferred by Plekhanov Russian University of Economics.

The President expressed his best wishes for the continued progress and success of Plekhanov Russian University of Economics, and for the physical and mental well-being of all attendees, including the Rector, faculty members, and students. He also prayed for the socioeconomic prosperity and development of the government and people of the Russian Federation, and for the everlasting friendship between Myanmar and Russia.

The President signed the guestbook record of the G.V. Plekhanov Russian University of Economics. The Rector of G.V. Plekhanov University of Economics adorned the President with the insignia sash of the Honorary Professorship.

MNA

*From Page 12*

and the Myanmar Digital Master Plan 2030 is being formulated and implemented.

**Market potential**

Myanmar possesses a strong domestic market within mainland Southeast Asia. It provides access to the massive international markets of China, India, and ASEAN member states not only through land routes but also via Myanmar's seaports along the Bay of Bengal and the Gulf of Mottama. Furthermore, Myanmar serves as a sole, strategic land transport hub/choke point facing the Indian Ocean.

Sharing borders with India (population of 1.47 billion) and China (population of 1.41 billion)—two of the world's largest markets—as well as ASEAN member states with a collective population of over 660 million, Myanmar serves as a bridge connecting the Southeast Asian and broader Asian markets. Centering a 4,000-kilometer radius circle on Nay Pyi Taw, Myanmar is situated right at the center of approximately 4 billion people, representing half of the global population.

It sits at the central crossroads of regional connectivity routes, including the India–Myanmar–Thailand Trilateral Highway, the ASEAN Highway Network, the East-West Economic Corridor, and the China-Myanmar Economic Corridor. Due to its regional geographic importance, Myanmar participates as a full member of ASEAN, the Lancang-Mekong Cooperation (LMC), and BIMSTEC, and serves as a dialogue partner in the Shanghai Cooperation Organization (SCO).

As a member of the Regional Comprehensive Economic Partnership (RCEP)—one of the world's largest free trade agreements—Myanmar also enjoys trade connectivity and opportunities with countries such as China, Japan, South Korea, and Australia.

**Investment opportunities in Myanmar**

To enhance bilateral economic cooperation, we would like to present Myanmar's investment opportunities. Myanmar has vast arable land, abundant natural resources, and rich freshwater and marine resources. It also offers favourable land and water conditions for poultry, pork, and beef production. Livestock products can be exported to Russia as well as neighbouring China and India.

Consequently, in formulating and implementing policies for national economic development, our government leverages the country's natural advantages in land, water, climate, and strategic location to develop an agro- and livestock-based industrialized economy. Thus, there are exceptional investment opportunities for Russian investors in agricultural machinery, seed production technology, agricultural research, and livestock farming (poultry, pig, and cattle breeding). Likewise, Myanmar is encouraging and inviting investments in value-added manufacturing. We invite Russian enterprises to partner with local businesses to establish value-added production facilities—such as agricultural input manufacturing, edible oil refining, food processing, and seafood processing—as well as manufacturing machinery for industrial facilities and investing in technology-based industries. Opportunities also exist for collaboration in related supporting sectors, such as cold-storage warehousing and logistics operations.

In particular, energy cooperation remains a key cornerstone of Myanmar–Russia economic relations. Favourable conditions exist to expand bilateral cooperation across oil exploration and production, oil refining, petroleum products, chemical fertilizer manufacturing, and natural gas production.

Regarding hydropower generation, Myanmar has over 1,000 rivers and streams, including four major rivers with immense hydropower potential: the Ayeyawady, Thanlwin, Chindwin, and Sittaung. With annual monsoon rainfall ranging between 2,000 mm and 5,000 mm, the country possesses high hydropower potential. Research indicates a total theoretical potential of 100 GW, with a commercial potential of 40–50 GW.

In terms of solar energy, lying between latitudes 9°N and 28°N, Myanmar falls within the "tropical solar belt" with abundant sunlight and is situated in an optimal zone for solar power development. It has the potential to generate up to 51,973.8 terawatt-hours per year (TWh/year) using solar energy.

Central Myanmar's dry zones—particularly the Magway, Mandalay, and Sagaing regions—are prime locations that can produce the highest solar energy yields throughout the year. Furthermore, tourism is a high-potential sector capable of further expanding Myanmar–Russia economic cooperation. Myanmar's mountain landscapes, natural scenery, cultural heritage, and unique destinations can attract tourists from Russia as well as around the world, creating investment opportunities in tourism and related hospitality services.

There are numerous cultural and heritage destinations to explore, such as the world's tallest seated marble Buddha image, the Maravijaya Buddha Image, along with its stone-inscription stupas in Nay Pyi Taw; the famous Shwedagon Pagoda in Yangon; the Kanbawzathadi Palace of the Toungoo Dynasty in Bago; and the Mya Nan San Kyaw Golden Palace of the Konbaung Dynasty in Mandalay. Myanmar also features renowned beach destinations such as Ngapali, Chaungtha, and Ngwesaung, with the pleasant, mild weather from November to February offering the best time to visit and relax.

Ancient cultural heritage sites and national heritage zones such as Sri Ksetra, Hanlin, Beikthano, Bagan, and Inwa—dating from the 4th to 9th centuries AD—offer rich historical traditions, fascinating cultural customs, and scenic landscapes, and we warmly invite travelers and researchers to visit.

Regarding entry requirements, a mutual visa exemption agreement allowing Russian and Myanmar holders of diplomatic and special/service passports a 90-day visa-free entry entered into force on January 27, 2026. For ordinary tourists, a 30-day visa-free stay is granted, provided the visit is not for employment, study, or permanent residency.

In today's global economic environment, digital transformation is advancing rapidly. Investing in digital technology is an investment in Myanmar's future economic competitiveness. Regarding the ICT sector, Myanmar's first and largest ICT hub, the Yadanarpon Cyber City project, has been established near PyinOoLwin in central Myanmar.

PyinOoLwin is well known as a resort hill station due to its temperate climate and scenic surroundings. Located close to the commercial hub of Mandalay, it is accessible via all-weather highways and features an international-standard airport capable of handling jet aircraft, ensuring smooth travel for both domestic and international visitors.

At Yadanarpon Cyber City, a major internet and telecommunications service hub for Myanmar has already been developed by Yadanarpon Teleport. Covering an area of approximately 4,047 hectares, the project encompasses office spaces for IT startups and software development companies, business incubation centers, and an educational zone with technological universities and vocational training institutes.

A High-Tech Zone, a manufacturing zone based on technology and services that will not damage the environment, to produce technology-related goods has been designated. Therefore, interested entrepreneurs from Russia are invited to invest in digitization of government services, communication technology, AI application, digital payment systems and creation of an innovative economic environment.

In investing in Myanmar, you can establish industrial zones and special economic zones as well as integrated farming zones and industrial projects. As you know, Myanmar has special economic zone such as Thilawa, Dawei and Kyauk Phyu SEZs. Thilawa SEZ in Yangon Region is currently the most successful one and the best choice for maritime export-oriented enterprises and manufacturing industries. Similarly, Dawei SEZ implement in cooperation between Myanmar and Russia will be strategically important site in the future. You are invited to invest in the SEZ.

In addition to Dawei deep sea port and SEZ projects, projects for a LNG terminal, an oil refinery, power plants and gas-based infrastructure upgrades are strategic projects in bilateral cooperation. Similarly, responsible investment that places emphasis on skill development of local workers and environmental conservation in mining and value-added processing important mineral and natural resources of Myanmar with the use of modern technologies is welcomed. Implementing Myanmar-Russia economic joint ventures can develop local supply chains and create opportunities for boosting exports to regional and international markets.

**Measures taken to facilitate financial flow**

As for banking, money exchange and bilateral cooperation, seven state-owned banks and 25 private banks are working together for local and foreign money exchange with international banks and entities. Entrepreneurs are directly cooperating to facilitate payment systems between Russia and Myanmar. The payment system of Russia, Mir Card System and Myanmar's Myanmar Payment Union (MPU) network have been directly linked through the Host-to-Host system.

Therefore, Russian tourists and entrepreneurs can withdraw cash from ATM machines and make payments at stores and hotels in Myanmar by using Mir Cards. The Kyat-Ruble direct payments have been introduced to facilitate bilateral trade and lower transfer costs for Russian businesses and the system will help strengthen the bilateral cooperation.

Similarly, measures are being taken to open Russia-Myanmar trade offices to enhance bilateral economic cooperation and trade. In addition to boosting cooperation and bilateral trade with Russia, Myanmar has placed emphasis on cooperation with the EAEU. By implementing new markets for agriculture, aquatic and garment sectors, opportunities for more Myanmar products to enter the Eurasia market can be created.

The Agreement on the Promotion and Protection of Investments signed between Myanmar and Russia entered into force on 1 April 2026, while the Memorandum of Understanding on Economic and Investment Cooperation between the two countries was also signed on 4 June 2026. Likewise, domestic products and investments in Myanmar are now protected in accordance with the four intellectual property laws.

In inviting investments, Myanmar places emphasis on technology transfer, the creation of quality employment opportunities, and the development of domestic industries. At the same time, the President pledged to emphasize that the interests of investors will also be protected and safeguarded in accordance with the relevant policies.

**Potential for Achieving Success**

Myanmar has a large labour force and more than 33 million acres of arable land. In addition, the country has fertile soil and a moderate climate, making it well suited for agricultural and livestock production. With its long coastline, Myanmar can also successfully undertake both freshwater and marine aquaculture and export its products to regional countries and neighbouring markets.

Myanmar is also a country endowed with oil, natural gas and mineral resources. Russia, meanwhile, is a country with advanced agricultural industrial technologies and rich technological expertise. It is widely recognized that Russia has also made significant advances in mining, renewable energy and technology sectors in line with modern developments. Therefore, I firmly believe that combining Myanmar's abundant natural resources and strategic location with Russia's technology and experience offers great potential for achieving sustainable and mutually beneficial economic success between the two countries.

In conclusion, Myanmar will work with Russia as a reliable and strategic economic partner on the path towards long-term development. The President expressed his wish to jointly build between our two countries "a partnership based on trust, development driven by technology, and a mutually beneficial future." Myanmar invites Russian businesspeople, investors and technology companies to come to Myanmar to invest and work together as partners in long-term sustainable development. As relations between the two countries continue to deepen, they can work together to achieve sustainable,

*See Page 15*

# President U Min Aung Hlaing delivers remarks to families of Myanmar Embassy and Military Attaché Office, and trainees in Russian Federation




**President U Min Aung Hlaing meets families of the Myanmar Embassy and Military Attaché Office, and trainees in the Russian Federation.**

**Nay Pyi Taw August 19**

President of the Republic of the Union of Myanmar U Min Aung Hlaing, currently on an official visit to Moscow, the Russian Federation, met with and delivered remarks to the families of the Myanmar Embassy and the Military Attaché Office at the Myanmar Embassy to the Russian Federation today at 5:00 PM local time.

Upon arrival at the embassy, the President was warmly welcomed by the families of the embassy and the military attaché office. Following the reception, the President addressed the gathering.

The event was attended by accompanying Union Ministers, the Chief Executive Officer of the Myanmar Space Agency, the Chief Minister of Taninthayi Region, senior military officers from the Office of the Commander-in-Chief of Defence Services, Deputy Ministers, Myanmar Ambassador to the Russian Federation U Myo Moe Aung and his wife, Myanmar Military Attaché (Army, Navy and Air) Brig-Gen Moe Kyaw and his wife, embassy and military attaché family members, and relevant officials.

In his address, the President stated that this official visit to the Russian Federation came at the invitation of President Mr Vladimir Putin following his assumption of the presidency. He noted that diplomatic relations between Myanmar and Russia commenced shortly after Myanmar gained independence, maintaining consistently strong ties, with Russia providing assistance to Myanmar throughout successive eras.

He highlighted that ongoing political instability across different eras has been a significant national vulnerability, stemming largely from the consequences of colonization, and emphasized that the resulting lack of progress over many years serves as a crucial lesson.

The President shared that since his time serving in the military, he has discharged his duties with a commitment to the nation's betterment, and as President, he continues working with genuine goodwill toward national progress and development. He affirmed ongoing efforts to fulfill democratic and federal rights demanded by ethnic nationalities, while striving to achieve domestic peace and stability.

He further noted that in developing educated human resources, efforts are underway to elevate national education standards alongside sending scholars abroad annually. He emphasized the need to foster positive international and workplace relations, encouraging trainees to consistently read books and literature to broaden their general knowledge in addition to mastering their professional fields.

The President reaffirmed the commitment to firmly advancing along the multiparty democratic path desired by the public, continually enhancing citizen capabilities, and ensuring a positive legacy for future generations.

It is necessary to cultivate the desire to work with good intentions when serving the interests of the country. Those currently serving as diplomats in the Russian Federation and trainee officers pursuing their studies there are leaders in their respective departments. Therefore, they are urged to study, strive and work with the determination to contribute to the development of the country in their respective areas of responsibility and make every effort to successfully accomplish their assigned duties.

The President urged them to faithfully discharge their responsibilities with a firm commitment to serving the country while it is pursuing a sound political path, with the spirit of protecting the country as Myanmar nationals whenever the nation faces challenges, and with sincere goodwill and the desire to contribute to the country's well-being.

He also urged the trainees to learn about the true events and authentic history of their country and to help international students who are unfamiliar with Myanmar's history and actual circumstances gain a better understanding of them. He stressed that while staying abroad, they should not forget the national flag and national anthem and should live with a strong sense of being Myanmar nationals.

The President said that cooperation between Myanmar and Russia is currently expanding and improving rapidly across various sectors. In addition to trade, the two countries will further promote cooperation in a wide range of areas, including culture, education and other sectors where bilateral exchanges can be developed. He said that by applying the knowledge and skills they have acquired, they could greatly contribute to strengthening multifaceted cooperation between the two countries. As the State invests financial resources and manpower in sending scholars abroad for further studies, he stressed that the individual efforts of each scholar should ultimately contribute to the interests of the country.

He also urged them to make every effort while abroad to learn languages and literature that would benefit their future lives and careers, while keeping up with rapidly advancing computer technologies. He encouraged them to read, remember, study and apply knowledge gained from informative books. Such efforts, he said, would greatly benefit their performance of individual duties and their interactions with people in their surroundings. He also called on everyone to live together in unity, solidarity and harmony.

Afterwards, the President presented food items and honorariums to the embassy and military attaché office families, which were received by the Ambassador and the Myanmar military attaché (Army, Navy and Air).

The President then signed the visitors' book at the Embassy of Myanmar in the Russian Federation and warmly greeted members of the embassy and military attaché office families, according to reports. MNA

---

*From Page 14*

robust and mutually beneficial economic development between Myanmar and Russia.

The Rector of G.V. Plekhanov University of Economics presented the Medal of Merit of the university to the President.

The President and the attendees took the documentary photos taken.

At the Situation Center of the University, officials briefed the President and members of the delegation on the university's information analysis and research activities concerning the population and GDP related foreign investment and budgetary data, economic development and changes, foreign exchange rates and other economic indicators, analysis on information about market fluctuations, calculation of Myanmar's population, geographical conditions, and regional revenues and expenditures based on data obtained from Myanmar, direct monitoring by region, components of low-orbit satellites developed by the university and maritime navigation activities, and conducting research aimed at advancing science and technology as well as improving education and teaching, the technologies used to assess developments in information technology (IT) across universities and the university's related technological advancements.

The President asked questions and held discussions on matters he wished to know more about based on the presentations. Afterwards, the President presented commemorative gifts to the Rector of the G.V. Plekhanov Russian University of Economics.

The President then departed from the G.V. Plekhanov Russian University of Economics, where the Rector and officials warmly saw him off.

MNA

---

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဆုတံဆိပ်(Medal of Merit)ကို ချီးမြှင့်ပေးအပ်စဉ်။

**မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် နည်းပညာလွှဲပြောင်းရယူခြင်း၊ အရည်အသွေးမြင့်အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းကိုအလေးထားပြီး အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားမည် . . .**

☆ ကျောဖုံးမှအဆက်

တက်ရောက်ကြသည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Gennadyevich Reshetnikov တို့က နှုတ်ခွန်းဆက်စကားများပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာအားကောင်းစေရန်ရည်ရွယ်ကျင်းပသည့် ယခုကဲ့သို့ အခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ ယခုခရီးစဉ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း။

## မြန်မာ-ရုရှားနှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေး

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၄၅ ရက်အကြာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်ကပင် မြန်မာနှင့် ရုရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊မိမိတို့နှစ်နိုင်ငံသည် ပထဝီအနေအထားအရ သမုဒ္ဒရာများ၊ တိုက်ကြီးများဖြင့်ခြားထားသော်လည်း နှစ်နိုင်ငံအပြန်အလှန်နားလည်မှုမဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံ၍ နီးကပ်သောဆက်ဆံရေးတည်ဆောက်ခဲ့ကြသည်မှာ စိန်ရတုအထိမ်းအမှတ်ကိုပင် ကျော်လွန်ခဲ့ပြီဖြစ်ပါကြောင်း။

ယခုကဲ့သို့ နှစ်ပေါင်းများစွာအပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ ရင်းနှီးချစ်ကြည်မှုတို့ဖြင့် ထိန်းသိမ်းမြှင့်တင်ခဲ့ကြရာ မျက်မှောက်ကာလ နှစ်နိုင်ငံဆက်ဆံရေးသည် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးတက်ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် နှစ်နိုင်ငံအစိုးရများကြား ဆက်ဆံရေးသာမက ပြည်သူများနှင့် စီးပွားရေးအသိုက်အဝန်းများအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကိုပါ ပိုမိုတိုးချဲ့ဆောင်ရွက်သွားနိုင်မည့် အလားအလာများစွာရှိနေပါကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးသည် Supply Chain ပြောင်းလဲမှုများ၊ နည်းပညာတိုးတက်မှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကြောင့် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့ပထဝီစီးပွားရေးစိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်းမှာပင် အပြန်အလှန်နားလည်ယုံကြည်မှုတို့ဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခိုင်မာစွာပူးပေါင်းဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို အခြေပြုပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်နွှယ်မှုများသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အနာဂတ် မျှော်မှန်းချက်များအတွက် အဓိကကျသည့် အင်အားများဖြစ်ပါကြောင်း။

နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် လက်ရှိတွင် မြန်မာနိုင်ငံကထွက်ရှိသည့် သရက်သီးအနှစ်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အဝတ်အထည်များကို ရုရှားနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေသကဲ့သို့ရုရှားနိုင်ငံက စက်သုံးဆီနှင့် ဓာတ်မြေဩဇာများကို အဓိကတင်သွင်းနေပါကြောင်း၊ ထို့ပြင် မြန်မာ့ထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရေထွက်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေးဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကထွက်ရှိသည့် မြန်မာပေါ်ဆန်းသည် ဈေးကွက်ဝင် ထိပ်တန်းဆန်အမျိုးအစားဖြစ်ပါကြောင်း။

လက်ရှိတွင် ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စက်မှုကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃၅၉ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုစတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အနာဂတ်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊စက်မှုလုပ်ငန်း၊သိပ္ပံနှင့်နည်းပညာ၊ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့တွင် ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားရန် ယုံကြည်ချက်ရှိပါကြောင်း။

## မြန်မာနိုင်ငံ၏အချက်အလက်များ

မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးသည့်မဟာဗျူဟာကျသည့် နေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရသာမက စီးပွားရေးအရလည်း အလွန်အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို ပထမဦးစွာမိတ်ဆက်ပေးလိုပါကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၅၁ သန်းကျော်ရှိပြီး ရုရှားနိုင်ငံ လူဦးရေ၏သုံးပုံတစ်ပုံခန့်ရှိပါကြောင်း၊ အုပ်ချုပ်ရေးမြို့တော်အဖြစ် နေပြည်တော်ကိုသတ်မှတ်ထားပြီး ပင်လယ်နှင့်ပိုမိုနီးသည့် ရန်ကုန်မြို့သည် စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေသည့် စီးပွားရေးမြို့တော်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သောအသက်အရွယ်အပိုင်းအခြားရှိသည့် လူဦးရေသည် တစ်နိုင်ငံလုံး လူဦးရေ၏ ၆၆ ဒသမ ၉ ရာခိုင်နှုန်းရှိသည့်အတွက် အလုပ်လုပ်နိုင်သည့် လူသားအရင်းအမြစ်များစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် ၂၀၀၁ ခုနှစ်ကစတင်ပြီး မြန်မာကျောင်းသား ၇၀၀၀ ကျော်ကို နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာ၊ စီမံခန့်ခွဲမှုစသည့် ပညာရပ်များ သင်ကြားပေးခဲ့သည့်အတွက် နိုင်ငံတည်ဆောက်ရေးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များရှိနေပါကြောင်း။

မြန်မာနိုင်ငံသည် ပူအိုက်စွတ်စိုသည့် မုတ်သုံရာသီရှိသည့် ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ၁၂ လ ရာသီပတ်လုံး ဆောင်ရွက်နိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များအသုံးပြုပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မြေအောက်သယံဇာတကိုအခြေခံပြီး သန့်စင်ထားသည့် တန်ဖိုးမြှင့်သတ္တုထုတ်ကုန်များကိုလည်း ထုတ်လုပ်နိုင်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကြေးနီ၊ ရွှေ၊ ငွေနှင့် အခြားသတ္တုပစ္စည်းများ ထွက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဒေသအချို့တွင်လည်း ကျောက်မီးသွေးထွက်ရှိသည့်အတွက် ကျောက်မီးသွေးကို အခြေခံသည့်လျှပ်စစ်ဓာတ်အားနှင့် မြေဩဇာထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ပါကြောင်း။

## အခြေခံအဆောက်အအုံပြင်ဆင်ထားရှိမှု

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ပိုမိုရှင်းလင်းခိုင်မာပြီး ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်းတစ်ခုဖန်တီးပေးရန်၊ လုပ်ထုံးလုပ်နည်းများကို လွယ်ကူချောမွေ့အောင်ပြုပြင်ပြောင်းလဲရန်၊သင့်တော်သည့်မူဝါဒဆိုင်ရာကူညီပံ့ပိုးမှုများပေးနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို အထူးအားပေးဖိတ်ခေါ်လျက်ရှိနေပြီး ရေရှည်တည်တံ့မည့် ဂေဟစနစ်နှင့် စီးပွားရေးဟန်ချက်ညီမှုရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကိုလည်း အတတ်နိုင်ဆုံးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းပြောကြားလိုပါကြောင်း၊နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးနေပါကြောင်း၊ ဥပမာ-လျှပ်စစ်သုံးယာဉ်(EV)များတိုးတက်ရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် အကောက်ခွန်နှုန်းထားများကိုလည်း လျှော့ချပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူလျင်မြန်အောင် ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်လျက်ရှိရာ မြန်မာဒစ်ဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိပါကြောင်း။

## ဈေးကွက်အလားအလာ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းမြေတွင် ခိုင်မာသည့်ပြည်တွင်းဈေးကွက်ရှိသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံများ၏ကြီးမားသည့် နိုင်ငံတကာဈေးကွက်ထဲကို ကုန်းလမ်းကြောင်းသာမက ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမပင်လယ်ကွေ့တစ်လျှောက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းများကတစ်ဆင့်လည်း ဝင်ရောက်နိုင်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူထားသည့် မဟာဗျူဟာမြောက် တစ်ခုတည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဗဟိုချက်၊ ဆုံချက်(Choke Point)လည်းဖြစ်ပါကြောင်း။

ကမ္ဘာ့အကြီးဆုံးဈေးကွက်များဖြစ်သည့် လူဦးရေ ၁ ဒသမ ၄၇ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေ ၁ ဒသမ ၄၁ ဘီလီယံရှိသည့် တရုတ်နိုင်ငံအပြင် လူဦးရေသန်း ၆၆၀ ကျော်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် အာရှဈေးကွက်နှစ်ခုကို တံတားသဖွယ်ဆက်သွယ်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ကိုပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသည် နေပြည်တော်ကိုဗဟိုပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သော လေးဘီလီယံခန့်၏အလယ်တွင် တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဒေသတွင်း ဆက်သွယ်မှုလမ်းကြောင်းများဖြစ်သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက်၊ အရှေ့အနောက်စီးပွားရေးစင်္ကြံ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အလယ်ဗဟိုတွင် တည်ရှိနေပါကြောင်း၊ ပထဝီအနေအထားအရ ဒေသတွင်း အရေးပါသည့် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် BIMSTEC အဖွဲ့များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ်လည်းကောင်း ပါဝင်လျက်ရှိပါကြောင်း။

ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များထဲက တစ်ခုဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) တွင် မြန်မာနိုင်ငံပါဝင်နေသည့်အတွက် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျစသည့် နိုင်ငံများနှင့် ကုန်သွယ်ရေးချိတ်ဆက်မှုအခွင့်အလမ်းများလည်း ပိုင်ဆိုင်ထားပါကြောင်း။

## မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ

နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်အတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကိုဆွေးနွေးလိုပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာရှိသကဲ့သို့ သဘာဝသယံဇာတနှင့်ရေချိုရေငန်သဘာဝအရင်းအမြစ် ပေါကြွယ်ဝပါကြောင်း၊ထို့ပြင် ကြက်၊ဝက်၊နွားအသားထုတ်လုပ်မှုအတွက် ရေမြေအခြေခံကောင်းများလည်းရှိနေပါကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို ရုရှားနိုင်ငံသို့တင်ပို့၍ရသကဲ့သို့ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကိုလည်း တင်ပို့နိုင်ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် မူဝါဒချမှတ်အကောင်အထည်ဖော်ရာတွင် မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ တည်နေရာ အားသာချက်များကိုအခြေပြုပြီး စိုက်ပျိုးမွေးမြူရေးအခြေခံစက်မှုနိုင်ငံအဖြစ် ဦးတည်ဖော်ဆောင်နေပါကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိုက်ပျိုးရေးသုံးစက်ယန္တရားများ၊ မျိုးစေ့ထုတ်လုပ်မှုနည်းပညာနှင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် ကြက်၊ ဝက်၊ နွားမွေးမြူရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းကောင်းများစွာရှိနေပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံသည် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဖိတ်ခေါ်နေပါကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်း၍ လယ်ယာအခြေခံသွင်းအားစုထုတ်လုပ်ခြင်း၊ စားသုံးဆီ၊ စားသောက်ကုန်၊ ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများတည်ထောင်ခြင်း၊ စက်ရုံများနှင့်စက်မှုလုပ်ငန်းများအတွက် လိုအပ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

သည့် စက်ယန္တရားများ ထုတ်လုပ်ခြင်းနှင့် နည်းပညာအခြေပြုစက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း၊ အလားတူ ဆက်စပ်လုပ်ငန်းများဖြစ်သည့် အအေးခန်းသိုလှောင်ရုံများနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများရှိပါကြောင်း။

အထူးသဖြင့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုသည် မြန်မာ-ရုရှားစီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ အဓိကကျသည့် အစိတ်အပိုင်းအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း၊ ရေနံတူးဖော်ထုတ်လုပ်ခြင်း၊ ရေနံသန့်စင်ထုတ်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းများနှင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် အထောက်အပံ့ကောင်းများ ရှိနေပါကြောင်း။

ထို့ပြင် ရေအားလျှပ်စစ်ထုတ်ယူမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် အဓိကမြစ်ကြီး လေးခုဖြစ်သည့် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်အပါအဝင် မြစ်ချောင်း ၁၀၀၀ ကျော်ရှိပြီး နှစ်စဉ်မုတ်သုံမိုးရွာသွန်းမှုသည် မီလီမီတာ ၂၀၀၀ မှ ၅၀၀၀ အကြား ရှိသည့်အတွက် ရေအားလျှပ်စစ်ထုတ်ယူရန် အလားအလာကောင်းများရှိနေပါကြောင်း၊ သုတေသနပြုချက်များအရ ရေအားလျှပ်စစ်ထုတ်ယူနိုင်မှုအလားအလာအနေဖြင့် ၁၀၀ ဂစ်ဂါဝပ်ရှိပြီး စီးပွားဖြစ်ထုတ်ယူနိုင်မှု အလားအလာအနေဖြင့် ၄၀-၅၀ ဂစ်ဂါဝပ် ဖြစ်ပါကြောင်း။

နေရောင်ခြည်စွမ်းအင်နှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် မြောက်လတ္တီကျူ ၉ ဒီဂရီနှင့် ၂၈ ဒီဂရီကြားရှိသည့်အတွက် နေရောင်ခြည်လုံလောက်စွာရရှိသည့် "အပူပိုင်းဒေသ နေရောင်ခြည်ခါးပတ်ကွင်း"အတွင်းကျရောက်နေသကဲ့သို့ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရန်အတွက် အလားအလာအကောင်းမွန်ဆုံးဒေသတွင်ရှိနေပါကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံးပြီး တစ်နှစ်ကို လျှပ်စစ်ဓာတ်အား ၅၁၉၇၃ ဒသမ ၈ တယ်ရာဝပ်နာရီ (TWh/year)ထိ ထုတ်လုပ်နိုင်စွမ်းရှိပါကြောင်း။

အထူးသဖြင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးစသည့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းများသည် ဆိုလာစွမ်းအင်ကို တစ်နှစ်ပတ်လုံး အမြင့်ဆုံးထုတ်ပေးနိုင်သည့်နေရာများဖြစ်ပါကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မြန်မာ-ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထူးခြားသည့်ခရီးစဉ်ဒေသများသည် ရုရှားခရီးသွားများကိုသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းရှိပါကြောင်း။

**မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ မဟာဗျူဟာကျသောတည်နေရာနှင့် ရုရှားနိုင်ငံ၏ နည်းပညာ၊ အတွေ့အကြုံတို့ ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများရရှိနိုင်မည့် အလားအလာကြီးမားကြောင်း မိမိအနေဖြင့် အလေးအနက်ယုံကြည် . . .**

နေပြည်တော်တွင်ရှိသည့် ကမ္ဘာ့ညာဏ်တော်အမြင့်ဆုံး မာရဝိဇယထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ကျောက်စာရုံစေတီများ၊ ရန်ကုန်မြို့တွင်ရှိသည့် ထင်ရှားကျော်ကြားသော ရွှေတိဂုံစေတီတော်၊ ပဲခူးမြို့တွင်ရှိသည့် တောင်ငူခေတ်ကမ္ဘောဇသာဒီနန်းတော်ရာ၊ မန္တလေးမြို့တွင်ရှိသည့် ကုန်းဘောင်ခေတ်မြနန်းစံကျော်ရွှေနန်းတော်ကြီးစသည်ဖြင့် လေ့လာလည်ပတ်စရာနေရာများစွာရှိနေပါကြောင်း၊ မြန်မာနိုင်ငံတွင် ငပလီ၊ ချောင်းသာ၊ ငွေဆောင်ကမ်းခြေတို့ကဲ့သို့ ထင်ရှားသည့်ပင်လယ်ကမ်းခြေများရှိပြီး ရာသီဥတုမျှတကောင်းမွန်သည့် နိုဝင်ဘာလမှ ဖေဖော်ဝါရီလထိကာလများသည် လာရောက်လည်ပတ်အနားယူရန် အကောင်းဆုံးအချိန်များပင်ဖြစ်ပါကြောင်း။

အမျိုးသားအမွေအနှစ်နယ်မြေများဖြစ်သည့် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး၊ ပုဂံ၊ အင်းဝစသော ရှေးဟောင်းယဉ်ကျေးမှုနေရာများသည် အေဒီ ၄ ရာစု မှ ၉ ရာစုနှစ်အတွင်း သမိုင်းအစဉ်အလာကြီးမားပြီး စိတ်ဝင်စားဖွယ်ယဉ်ကျေးမှုဓလေ့များ၊ လှပသည့် ရှုခင်းရှိရာနေရာများဖြစ်သည့်အတွက် လာရောက်လေ့လာနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါကြောင်း။

ပြည်ဝင်ခွင့်နှင့်ပတ်သက်ပြီး ရုရှား-မြန်မာ သံတမန်နှင့် အထူး၊ဝန်ထမ်းနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ရက်ပေါင်း ၉၀ ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ရရှိစေမည့် အပြန်အလှန် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် စတင်အသက်ဝင်ပြီး အလုပ်လုပ်ကိုင်ရန်၊ စာပေလေ့လာသင်ကြားရန်၊ အမြဲတမ်းနေထိုင်ရန်စသည့်ရည်ရွယ်ချက်များမှအပ ခရီးသွားလည်ပတ်သူများအတွက် ရက်ပေါင်း ၃၀ ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်ခွင့်ရရှိမည်ဖြစ်ပါကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးဝန်းကျင်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု အားကောင်းနေပါကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းတွင် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အိုင်စီတီနည်းပညာကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံး အိုင်စီတီနည်းပညာဆိုင်ရာ အချက်အချာဒေသတစ်ခုဖြစ်သည့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းကို မြန်မာနိုင်ငံအလယ်ပိုင်းရှိပြင်ဦးလွင်မြို့အနီးတွင် ဖွင့်လှစ်ထားကြောင်း ပြောကြားလိုပါကြောင်း။

ပြင်ဦးလွင်မြို့သည် သင့်တင့်မျှတသည့် ရာသီဥတု၊ သာယာလှပသည့် ပတ်ဝန်းကျင်များရှိသည့်အတွက် အနားယူအပန်းဖြေစရာ တောင်ပေါ်မြို့တော်ဟု ထင်ရှားသည့်အပြင် စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့နှင့် မနီးမဝေးရှိပြီး ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းများနှင့် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီလေဆိပ်လည်း ဖွင့်လှစ်ပြီးဖြစ်သည့်အတွက်ကြောင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါကြောင်း။

ရတနာပုံဆိုက်ဘာစီးတီးတွင် မြန်မာနိုင်ငံ၏ အဓိကအင်တာနက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုဗဟိုဌာနတစ်ခုကို Yadanarpon Teleport က တည်ဆောက်ထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းဧရိယာသည် ၄၀၄၇ ဟက်တာခန့်ကျယ်ဝန်းသည့်အတွက်ကြောင့် အိုင်တီလုပ်ငန်းသစ်(Startups)များနှင့် ဆော့ဖ်ဝဲရေးသားသည့် ကုမ္ပဏီများအတွက် ရုံးခန်းများ၊ လုပ်ငန်းစတင်ပျိုးထောင်ရေးဗဟိုဌာနများ၊ ပညာရေးဇုန်ဖြစ်သည့် နည်းပညာတက္ကသိုလ်များနှင့် လေ့ကျင့်ရေးသင်တန်းကျောင်းများ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာနှင့်ပတ်သက်သည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် High-Tech Zone အဖြစ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေမည့် နည်းပညာနှင့် ဝန်ဆောင်မှုအခြေပြုထုတ်လုပ်မှုဇုန်ကိုလည်း ထည့်သွင်းသတ်မှတ်ထားပါကြောင်း၊ ထို့ကြောင့် အစိုးရဝန်ဆောင်မှုများကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဉာဏ်ရည်တု AI အသုံးချမှုများ၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာစီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးတို့တွင် စိတ်ပါဝင်စားသည့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ပါကြောင်း ဖိတ်ခေါ်လိုပါကြောင်း။

အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များသာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်ပါကြောင်း၊ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်ပြီး အဆွေတော်တို့သိရှိကြသည့်အတိုင်း မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိသီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး ပင်လယ်ရေကြောင်းရှိသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်မှုဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပူးပေါင်းပြီး စတင်အကောင်အထည်ဖော်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အနာဂတ်တွင် မဟာဗျူဟာမြောက်အရေးပါသည့်နေရာဖြစ်လာလိမ့်မည်ဖြစ်ပါကြောင်း၊ အဆိုပါစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် ဖိတ်ခေါ်လိုပါကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး စီမံကိန်းအပြင် LNG Terminal၊ ရေနံချက်စက်ရုံ၊ ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့ကို အခြေခံသည့် အဆောက်အအုံအဆင့်မြှင့်တင်ရေးစီမံကိန်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက်စီမံကိန်းများဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၏ အရေးပါသည့် သတ္တုသယံဇာတများနှင့် သဘာဝအရင်းအမြစ်များကို ခေတ်မီတူးဖော်ရေးနည်းပညာများ အသုံးပြုထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ မြန်မာ-ရုရှား စီးပွားရေးဖက်စပ်လုပ်ငန်းများ ဖော်ဆောင်ခြင်းအားဖြင့် ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်များကို ဖွံ့ဖြိုးတိုးတက်စေနိုင်သကဲ့သို့ ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များသို့ ထုတ်ကုန်များပိုမိုတင်ပို့နိုင်မည့်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း။

## ငွေကြေးစီးဆင်းမှုချောမွေ့စေရေး ဆောင်ရွက်မှု

ဘဏ်လုပ်ငန်း၊ ငွေကြေးလဲလှယ်မှုနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မြန်မာနိုင်ငံ၏အစိုးရဘဏ်ခုနစ်ခုနှင့် ပုဂ္ဂလိကဘဏ် ၂၅ ခုတို့သည် နိုင်ငံတကာဘဏ်များ၊ အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ပြည်ပ ငွေကြေးလဲလှယ်မှုများကို ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံကြား ဘဏ်လုပ်ငန်းနှင့် ငွေပေးချေမှုစနစ်များ ပိုမိုလွယ်ကူချောမွေ့စေရန် လုပ်ငန်းရှင်များအကြား တိုက်ရိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ရုရှားနိုင်ငံ၏ ငွေပေးချေမှုစနစ်ဖြစ်သည့် Mir Card System ကို မြန်မာနိုင်ငံ၏

**စာမျက်နှာ ၁၈ သို့**

**မြန်မာနိုင်ငံအနေဖြင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် နည်းပညာကုမ္ပဏီများအား မြန်မာနိုင်ငံကိုလာရောက်ပြီး ရင်းနှီးမြှုပ်နှံရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်ကြရန်ဖိတ်ခေါ်၊ နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော၊ ခိုင်မာအားကောင်းသော၊ အပြန်အလှန်အကျိုးပြုသော စီးပွားရေးဖွံ့ဖြိုးမှုကို လက်တွဲဖော်ဆောင်နိုင်မည်ဟု ယုံကြည် . . .**

စာမျက်နှာ ၁၇ မှအဆက်

Myanmar Payment Union (MPU) ကွန်ရက်နှင့် တိုက်ရိုက် Host-to-Host ချိတ်ဆက် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ရုရှားခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မြန်မာနိုင်ငံအတွင်း Mir Card များ အသုံးပြုပြီး ဘဏ်များ၊ ATM စက်များတွင် ငွေထုတ်ယူခြင်း၊ စတိုးဆိုင်နှင့် ဟိုတယ်တို့တွင် လွယ်ကူစွာငွေပေးချေခြင်းတို့ပြုလုပ်နိုင်ပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုကို လွယ်ကူချောမွေ့စေပြီး စီးပွားရေးလုပ်ငန်းများအတွက် ငွေလွှဲပြောင်းမှုကုန်ကျစရိတ်များလျှော့ချနိုင်ရန် ကျပ်-ရူဘယ်တိုက်ရိုက်အသုံးပြုငွေပေးချေမှုများ စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ အဆိုပါစနစ်သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုအားကောင်းရန် အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း။

ထို့အတူ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုမြှင့်တင်နိုင်ရန်အတွက် မြန်မာ-ရုရှား ကုန်သွယ်ရေးရုံးများ တည်ထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအနေဖြင့် ရုရှားနှင့် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ခြင်းအပြင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းနှင့် ထုတ်လုပ်မှုကဏ္ဍများအတွက် ဈေးကွက်အသစ်များ ဖော်ဆောင်နိုင်ခြင်းဖြင့် မြန်မာထုတ်ကုန်များ ယူရေးရှားဈေးကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနှင့် ရုရှားနှစ်နိုင်ငံတို့အကြား ချုပ်ဆိုထားသည့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာသဘောတူစာချုပ်သည် ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်တွင် အသက်ဝင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာကိုလည်း ၂၀၂၆ ခုနှစ် ဇွန် ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့အတူပင် မြန်မာနိုင်ငံအတွင်း ပြည်တွင်းထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့်ဥပဒေလေးရပ်နှင့်အညီလည်း အကာအကွယ်ပေးနေပြီဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ရာတွင်နည်းပညာလွှဲပြောင်းရယူခြင်း၊ အရည်အသွေးမြင့် အလုပ်အကိုင်များဖန်တီးခြင်း၊ ပြည်တွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းကို အလေးထားပြီး အခြားတစ်ဖက်တွင် ရင်းနှီးမြှုပ်နှံသူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း မူဝါဒနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုပါကြောင်း။

**အောင်မြင်နိုင်မည့်အလားအလာ**

မိမိတို့မြန်မာနိုင်ငံသည် လုပ်သားအင်အား အများအပြားရှိပြီး စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပါကြောင်း၊ ထို့ပြင် ကောင်းမွန်သည့် မြေဆီလွှာ၊ မျှတသည့် ရာသီဥတုကိုလည်း ပိုင်ဆိုင်ထားသည့် နိုင်ငံလည်းဖြစ်သည့်အတွက်ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖြစ်ထွန်းသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ရှည်လျားသည့် ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားခြင်းကြောင့် ရေချို၊ ရေငန်မွေးမြူရေးများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ဒေသတွင်းနိုင်ငံများနှင့် အိမ်နီးချင်းဈေးကွက်များကို တင်ပို့ရောင်းချနိုင်ပါကြောင်း။

ထို့ပြင် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုများလည်း ထွက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာစက်မှုနည်းပညာ ထွန်းကားသည့်နိုင်ငံဖြစ်ပြီး နည်းပညာ ကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါကြောင်း၊ ဓာတ်သတ္တုတူးဖော်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ နည်းပညာဆိုင်ရာကဏ္ဍတွင်လည်း ခေတ်နှင့်အညီ တိုးတက်နေသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှု၊ မဟာဗျူဟာကျသော တည်နေရာနှင့် ရုရှားနိုင်ငံ၏ နည်းပညာ၊ အတွေ့အကြုံတို့ ပေါင်းစပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ရေရှည်တည်တံ့ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးအောင်မြင်မှုများရရှိနိုင်မည့် အလားအလာကြီးမားကြောင်း မိမိအနေဖြင့် အလေးအနက်ယုံကြည်မိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းတွင် ယုံကြည်စိတ်ချရသော မဟာဗျူဟာမြောက် စီးပွားရေးမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား **"ယုံကြည်မှုကိုအခြေခံတဲ့ မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးပြုသောအနာဂတ်"**ကို အတူတကွ တည်ဆောက်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် နည်းပညာကုမ္ပဏီများအား မြန်မာနိုင်ငံကို လာရောက်ပြီး ရင်းနှီးမြှုပ်နှံရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော၊ ခိုင်မာအားကောင်းသော၊ အပြန်အလှန်အကျိုးပြုသောစီးပွားရေးဖွံ့ဖြိုးမှုကို လက်တွဲဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဆုတံဆိပ်(Medal of Merit)ကို ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များကို တက္ကသိုလ် Situation Center ၌ တက္ကသိုလ်အနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လူဦးရေနှင့် GDP ဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေးရသုံးငွေစာရင်းအချက်အလက်များ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများစသည်ဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများ၊ ဈေးကွက်အနိမ့်အမြင့်များကို သတင်းအချက်အလက် လေ့လာဆန်းစစ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံမှရရှိသည့် အချက်အလက်များကိုအခြေခံ၍ မြန်မာနိုင်ငံ၏လူဦးရေ၊ပထဝီဝင်အနေအထားနှင့် ဒေသအလိုက် ဝင်ငွေထွက်ငွေများကို ခန့်မှန်းတွက်ချက် ဆောင်ရွက်နိုင်မှု၊ တက္ကသိုလ်မှထုတ်လုပ်ထားရှိသည့်အနိမ့်ပျံဂြိုဟ်တုများ၏ စက်အစိတ်အပိုင်းများနှင့် ပင်လယ်ရေကြောင်းသွားလာမှုများကို ဒေသအလိုက် တိုက်ရိုက်ကြည့်ရှုနိုင်မှုနှင့် သိပ္ပံနှင့်နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်ကြားရေးဆိုင်ရာများဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ IT နည်းပညာနှင့်ပတ်သက်၍ တက္ကသိုလ်များအလိုက် ဖွံ့ဖြိုးတိုးတက်မှုများကို ဆန်းစစ်ခြင်း နည်းပညာများနှင့်ပတ်သက်၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ထံ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ပြန်လည်ထွက်ခွာရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် လိုက်ပါ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၉**

၂၀၂၆ ခုနှစ် မြန်မာ-ရုရှား နှစ်နိုင်ငံ စီးပွားရေးဖိုရမ်ကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံးအဆင့်မြင့်ပညာရေးဌာန G.V.Plekhanovစီးပွားရေးတက္ကသိုလ်၌ ကျင်းပသည်။

ဖိုရမ်တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ကမ္ဘာ့ကုန်သွယ်ရေကြောင်းလမ်း တစ်ခုကို ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း၏ အဓိကအကျဆုံး အားသာချက်သည် ပထဝီဝင်အနေအထားနှင့် မဟာဗျူဟာအရ အရေးပါသည့်အနေအထားဖြစ်ပါကြောင်း၊ ကပ္ပလီပင်လယ်ပြင်ကို တိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်သကဲ့သို့ ကုန်စည်သင်္ဘောများ မလက္ကာရေလက်ကြားကို ထွက်ရန်မလိုဘဲ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည့်အတွက် သယ်ယူပို့ဆောင်ရေးကြာမြင့်ချိန်ကို လေးရက်မှခြောက်ရက်ထိ လျှော့ချသက်သာစေမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသည် Southern Economic Corridor လမ်းမကြီးကတစ်ဆင့် ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ထိ တိုက်ရိုက်ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ထို့ပြင် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကိုအသုံးပြုပြီး အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် ၂၄ နာရီအတွင်းဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊စွမ်းအင်ကဏ္ဍအနေဖြင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံ၏အဓိကကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များနှင့် ၄၅ ကီလိုမီတာသာကွာဝေးလျက်ရှိကြောင်း၊ထို့ပြင်ရင်းနှီးမြှုပ်နှံသူများကိုကာကွယ်ပေးရန်အတွက် ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေများအပြင် SEZ ဥပဒေများနှင့် အကာအကွယ်ပေးထားကြောင်း ဆွေးနွေးသည်။

ထို့အတူ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscongress Investment Fund ဒါရိုက်တာ Mr. Shatirov Sergey Vladimirovich က ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ဆွေးနွေးသည်။

အလားတူ မြန်မာနိုင်ငံ၏ကုန်သွယ်ရေးအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ အလေးပေးဆောင်ရွက်မှုများခေါင်းစဉ်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဆွေးနွေးသည်။

ထိုသို့ ဆွေးနွေးမှုများအပေါ် ဖိုရမ်တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ ဆွေးနွေးပွဲကျင်းပစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းအခမ်းအနားတွင် ကျေးဇူးတင်စကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်တို့နှင့် ပါမောက္ခချုပ်ရုံးခန်း၌ တွေ့ဆုံ၍ G. V. Plekhanov စီးပွားရေးတက္ကသိုလ်အနေဖြင့် စီးပွားရေးပညာရပ်များအပြင် သိပ္ပံနှင့်နည်းပညာဘာသာရပ်များ၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် Ai နည်းပညာများသင်ကြားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် G. V. Plekhanov စီးပွားရေးတက္ကသိုလ်တို့အကြား ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

ယင်းနောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Mogilevsky Konstantin Ilyich၊ G. V. Plekhanov စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားကို စတင်ကျင်းပရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်၍ အလေးပြုကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းနှင့်ပတ်သက်၍ ဘုတ်အဖွဲ့၏ သဘောထားဆန္ဒကို ရယူပြီး အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြရာတွင် ယနေ့ ဘွဲ့နှင်းအခမ်းအနားတွင် ဘွဲ့အပ်နှင်းခြင်းဆိုင်ရာ ဘုတ်အဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ် အပ်နှင်းခြင်းအပေါ် ဘုတ်အဖွဲ့အနေဖြင့် တညီတညွတ်တည်း ထောက်ခံခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ ထိုသို့ ထောက်ခံဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ပညာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မိမိတို့ရုရှားနိုင်ငံသမ္မတကြီး မစ္စတာ ဗလာဒီမာ ပူတင်တို့ တွေ့ဆုံစဉ်ဆွေးနွေးပြောကြားခဲ့သကဲ့သို့ ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာ-ရုရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးသည် အရှိန်အဟုန်ဖြင့်တိုးတက်နေပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများတွင် ပညာရေးပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များ နှစ်စဉ်လာရောက်သင်ကြားလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာပညာတော်သင်များကို ပညာတော်သင်ဆုများ နှစ်စဉ်တိုးမြှင့်ပေးအပ်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း ယမန်နှစ်က လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် နှစ်နိုင်ငံရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယနေ့ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ် အပ်နှင်းခြင်းသည်လည်း ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G. V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ပညာသင်ကြားခဲ့မှုနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များနှင့် နိုင်ငံတော်တာဝန်များကို အဆင့်ဆင့်ထမ်းဆောင်နိုင်ခဲ့မှု၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် နိုင်ငံတကာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ရရှိခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက္ကသိုလ်ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်းရန်အတွက် ဘုတ်အဖွဲ့၏အဆုံးအဖြတ်ကို ရယူပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထင်ရှားကျော်ကြားလှသည့် ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်မှ မိမိအား (Plekhanov Russian University of Economics) "ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့"ကို ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိသည်ကို ဦးစွာ ပြောကြားလိုကြောင်း။

**ပလက်ဟာနော့ဗ်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊** ယခု ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်ကြောင်း။

ယခု ပလက်ဟာနော့ဗ်တက္ကသိုလ်သည် ယနေ့တွင် သက်တမ်းအားဖြင့် ၁၁၉ နှစ်တိုင် တည်ရှိခဲ့ပြီး နိုင်ငံပေါင်း ၇၅ နိုင်ငံမှ နိုင်ငံတကာကျောင်းသားများအပါအဝင် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၄၀၀၀ ကျော်ကို မွေးထုတ်ပေးခဲ့သည်ဟု သိရှိရပါကြောင်း၊ နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ချိတ်ဆက်မှုများကို ခိုင်မာအားကောင်းစေရန်အတွက် အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့ရုံမျှမက ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ရာ ယခုကဲ့သို့ မိမိအနေဖြင့်လည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိကြောင်း။

ယခုကဲ့သို့ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ အပ်နှင်းမှုသည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ကြား နှစ်ကာလကြာရှည်စွာတည်ရှိနေခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံပြည်သူများအကြား နွေးထွေးသည့် သံယောဇဉ်ကို ပိုမိုခိုင်မာစေသည့် ပြယုဂ်တစ်ခုလည်းဖြစ်ကြောင်း၊ မြန်မာ-ရုရှား ဆက်ဆံရေးသည် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင်သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ၇၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊သမိုင်းကြောင်းတစ်လျှောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ထားရှိနိုင်ခဲ့ရုံမျှမက ပိုမိုနက်ရှိုင်းသည့် စီးပွားရေး၊ နည်းပညာနှင့် ကဏ္ဍစုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးကဏ္ဍ၊စွမ်းအင်၊အာကာသနှင့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသည့် ရည်ရွယ်ချက်ဖြင့် အသုံးပြုရေးတို့တွင် သိသာထင်ရှားသည့် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ဖြင့် တိုးမြှင့်လျက်ရှိပြီး လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းခိုင်မာလာကာ

**ယခုဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်...**

**စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာသည်ကို နှစ်ထောင်းအားရစွာ ပြောကြားလိုကြောင်း၊ မိမိကိုယ်တိုင်လည်း ယခုရုရှားနိုင်ငံခရီးစဉ်သည် ၁၄ ကြိမ်မြောက်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအသက် သွေးကြောသည် “ပညာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး” ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တာဝန်စတင်ထမ်းဆောင်ချိန်မှစပြီး ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးမူဝါဒတစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် အခြေခံပညာစနစ်ကို ပိုမိုခိုင်မာအောင် တည်ဆောက်ခြင်း၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်း၊ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် နည်းပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ၏ သင်ကြားနည်းစနစ်များကို နိုင်ငံတကာအဆင့်မီစေရန် ဘက်စုံမြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပိုင်စိုးကြမည့်မျိုးဆက်သစ်မြန်မာနိုင်ငံသားလူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးတက်ပြည့်စုံစေရေးအတွက် ရုရှားနိုင်ငံအပါအဝင် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်အတွင်း ရုရှားနိုင်ငံသို့ မြန်မာပညာတော်သင် ၇၀၀၀ ကျော်စေလွှတ်တက်ရောက်စေခဲ့ကြောင်း၊ ရလဒ်အကျိုးဆက်အဖြစ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍပေါင်းစုံမှ တိုးမြှင့်ဆောင်ရွက်နိုင်သည့်အတွက် အဆွေတော်တို့ ရုရှားနိုင်ငံကို အထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်မှုတွင် သိပ္ပံ၊ နည်းပညာသာမက စီးပွားရေးပညာရှင်များ၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်နားလည်သူများ၊ ဥပဒေကျွမ်းကျင်နားလည်သူများ အများအပြားလိုအပ်ကြောင်း၊ ထို့ကြောင့် လွန်ခဲ့သည့် လေးနှစ်မှစပြီး မြန်မာနိုင်ငံမှ ဝိဇ္ဇာသိပ္ပံပညာသင်တက္ကသိုလ်အားလုံးတွင် ဝိဇ္ဇာဘွဲ့ (စီးပွားရေး)၊ ဝိဇ္ဇာဘွဲ့ (ဥပဒေ) သင်တန်းများ ဖွင့်လှစ်ခြင်း၊ ထူးချွန်ကျောင်းသား ပညာသင်ဆုများ ပေးအပ်ခြင်းများဖြင့် ဆောင်ရွက်နေပါကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ကြောင်း၊ ယခင်က မူလတန်းပညာ မသင်မနေရ သတ်မှတ်သင်ကြားစေလျက်ရှိသော်လည်း ယခု KG+9 အလယ်တန်းပြီးသည်ထိ မသင်မနေရသတ်မှတ်ဆောင်ရွက်နေကြောင်း၊ ပညာရေးအသုံးစရိတ်များကိုလည်း နိုင်ငံဘဏ္ဍာငွေခွဲဝေရာတွင် ၁၀ ရာခိုင်နှုန်းထိ သတ်မှတ်သုံးစွဲလျက်ရှိပါကြောင်း။

ပညာရေးအားနည်းသည့် ဒေသများအတွက် အထူးစီမံချက်များချမှတ်ပြီး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်ပညာသင်တက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ခြင်းဖြင့် ပညာရေးကဏ္ဍကို အထူးမြှင့်တင်အားပေးဆောင်ရွက်နေပါကြောင်း။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းနှင့် ပတ်သက်၍ ဘုတ်အဖွဲ့၏ သဘောထားဆန္ဒကို ရယူစဉ်။

မိမိတို့အစိုးရအနေဖြင့် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ပညာရပ်ဆိုင်ရာဖလှယ်မှုများ၊ သုတေသနပူးပေါင်းဆောင်ရွက်မှုများနှင့် ပညာတော်သင်စေလွှတ်မှုများကဲ့သို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း။

မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အားပေးကူညီထောက်ခံမှုများနှင့် စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုများအတွက်လည်း ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိသည်ကို မိမိအနေဖြင့် ပြောကြားလိုကြောင်း။

ပလက်ဟာနော့ဗ် ရုရှားစီးပွားရေး တက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ အခြားသောဖွံ့ဖြိုးရေးကဏ္ဍများတွင်လည်းကောင်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်က အပ်နှင်းသည့် ဤဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကိုလည်း အထူးတန်ဖိုးထားသည်ကို ပြောကြားလိုကြောင်း။

ပလက်ဟာနော့ဗ် ရုရှားစီးပွားရေး တက္ကသိုလ်ကြီး ဆက်လက်တိုးတက်အောင်မြင်ပါစေကြောင်းနှင့် ပါမောက္ခချုပ်ကြီးအပါအဝင် ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများအားလုံးနှင့်ကြွရောက်လာကြသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း၊ ရုရှားဖက်ဒရေးရှင်းအစိုးရနှင့်ပြည်သူများ လူမှုစီးပွားဘဝ သာယာဝပြောတိုးတက်ပါစေကြောင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအခွန့်ရှည်တည်တံ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ တက္ကသိုလ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတထံ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်က ဂုဏ်ထူးဆောင်ပါမောက္ခအဆောင်အယောင်စလွယ်ကို တပ်ဆင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာ ချိတ်ဆက်မှုများကို ခိုင်မာအားကောင်းစေရန်အတွက် အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များ၊ ပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့ရုံမျှမက ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ရာ ယခုကဲ့သို့ မိမိအနေဖြင့်လည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခွင့်ရသည့်အတွက် များစွာဂုဏ်ယူ...**

PPIB News

## အမျိုးသားစာပေ တစ်သက်တာဆုရှင် စာရေးဆရာကြီး မောင်ဆွေသက် ကွယ်လွန်

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး မောင်ဆွေသက်သည် ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီတွင် တပ်မတော်ဆေးရုံ(မင်္ဂလာဒုံ)၌ ကွယ်လွန်သွားကြောင်း သိရသည်။

ဆရာကြီး မောင်ဆွေသက်၏ အမည်ရင်းမှာ ဦးညွန့်ဆွေဖြစ်ပြီး အဘ ဦးငွေဆိုင် (စာရေးဆရာ ငွေစိုး) နှင့် အမိ ဒေါ်ဆင့်တို့က ၁၉၃၅ ခုနှစ် အောက်တိုဘာလတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ မွေးဖွားခဲ့သည်။ ဥပဒေဝိဇ္ဇာ (က) နှင့် Inter (A) အောင်မြင်ခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် တပ်မတော်ပြန်တမ်းဝင်အရာရှိ ဖြစ်လာခဲ့သည်။

ဗမာ့တပ်မတော် ဗိုလ်သင်တန်းကျောင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ် (၄၇) ခြေလျင်တပ်ရင်း၊ မဟာဗျူဟာကွပ်ကဲမှုဌာနချုပ်၊ အမှတ် (၄) ခြေလျင်တပ်ရင်း၊ အမှတ် (၇၇) ခြေမြန်တပ်ရင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့တွင် နည်းပြအရာရှိ၊ စစ်ဦးစီးမှူး၊ တပ်ရင်းမှူး၊ နည်းဗျူဟာမှူး၊ ဒုတိယတပ်မမှူး၊ ဒုတိယတိုင်းမှူး စသည်ဖြင့် အဆင့်ဆင့် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၁၉၈၂ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး၊ ၁၉၈၆ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံဆိုင်ရာ သံအမတ်ကြီး၊ ၁၉၉၂ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ၁၉၉၈ ခုနှစ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် (ဒုတိယဝန်ကြီး) တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဒုတိယဝန်ကြီး အဆင့်မှ အငြိမ်းစားယူခဲ့သည်။




၁၉၅၁ ခုနှစ်တွင် “ဖုန်းညွန့်အေး” အမည်ဖြင့် ကဗျာစတင်ရေးသားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် “မောင်ဆွေသက်” အမည်ဖြင့် မဂ္ဂဇင်း၊ဂျာနယ်များတွင် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုများ အဆက်မပြတ် ရေးသားခဲ့သည်။ ပေါ်ပြူလာဂျာနယ်တွင် အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပထမစစ်ဆင်ရေးနှင့် ဘဝမှတ်တိုင်များ၊ ကဒူးမမှ မော်ဖသို့၊ ဧရာဝတီမှ ကျောက်ဖရားသို့၊ ကျွန်တော်သိသော တိုင်းမှူး သူရဦးတင်ဦး၊ ဗိုလ်မှူးကြီး သီဟသူရစိုးသိမ်း၊ ခေတ်အဆက်ဆက် အနုပညာရှင် ဘိုကလေးတင့်အောင်၊ သံမဏိတပ် ဗိုလ်ချုပ်မောင်မောင်၊ ဗကပ ဗဟိုကော်မတီဝင် ဗိုလ်အောင်သူ၊ ဗိုလ်ချုပ်ကြီးထွန်းရီ စသည့် စာအုပ်များအပါအဝင် စာအုပ်ပေါင်း ၁၄ အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်က ချီးမြှင့်သည့် ဝဏ္ဏကျော်ထင်ဘွဲ့၊ စီမံထူးချွန်တံဆိပ် (ပထမအဆင့်)၊ လူမှုထူးချွန်တံဆိပ်(ပထမအဆင့်)နှင့် ၂၀၂၀ ပြည့်နှစ်တွင် ပခုက္ကူစာပေတစ်သက်တာဆု၊ ၂၀၂၃ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့သည်။ ယခုအခါ ကမ္ဘာ့ရတနာဘဏ်(ဒါရိုက်တာအဖွဲ့ဝင်)၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ တာဝန်များအပြင် မြန်မာ-ထိုင်း ချစ်ကြည်ရေးအသင်း(ဥက္ကဋ္ဌ)၊ ထိုင်းနိုင်ငံ ဇင်းမယ်မြို့ ဝပ်ဆိုင်းမွန်း(မြန်မာ)ကျောင်း ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ(နာယက)အဖြစ် ဆောင်ရွက်ရင်း စာပေများရေးသားလျက်ရှိရာမှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် (၉၁)နှစ် ရှိပြီဖြစ်သည်။

(သတင်းစဉ်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanov တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Dmitry V. Bakanovဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တည်းခိုရာဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏ အထွေထွေညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားအာကာသစနစ်များကုမ္ပဏီ(RSS)နှင့် မြန်မာအာကာသအေဂျင်စီတို့ကြား ကမ္ဘာမြေစောင့်ကြည့်လေ့လာရေး(ERS) ဂြိုဟ်တုဓာတ်ပုံဖမ်းယူရေး သဘောတူစာချုပ် ချုပ်ဆိုပြီးစီးမှုနှင့် ဒေတာများဖမ်းယူလျက်ရှိမှု၊ အာကာသအေဂျင်စီ နှစ်ခုကြား တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် ရုရှား-မြန်မာ နှစ်နိုင်ငံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများထဲမှ ကြီးမားသည့် အောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်မှု အတွက်လည်း အထောက်အကူဖြစ်စေမှု၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့ကြား "ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် ပြင်ပအာကာသ စူးစမ်းလေ့လာရေးနှင့် အသုံးပြုမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်"ကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်အတွင်း မြန်မာအာကာသအေဂျင်စီနှင့် ROSCOSMOS တို့ကြား အာကာသယာဉ်မှူးရွေးချယ်လေ့ကျင့်ရေး၊ ဂြိုဟ်တုအခြေပြု ရှာဖွေကယ်ဆယ်ရေးစနစ် (COSPAS-SARSAT)၊ဂြိုဟ်တုလမ်းညွှန်မှု စနစ် တိုင်းတာရေးစခန်း (One Way Station) နှင့် ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက်သတိပေးစနစ် (ASPOS) တို့ကို လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် နားလည်မှုစာချွန်လွှာများ၊ စာချုပ်များ လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ မြန်မာနိုင်ငံမှ အာကာသယာဉ်မှူး ရွေးချယ်လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုအခြေပြု ကာကွယ်ရေးစနစ် (COPAD-SARSAT)၊ ဂြိုဟ်တုလမ်းညွှန်မှု စနစ် တိုင်းတာရေးစခန်း(One Way Station)၊ ကမ္ဘာ့အနီး အာကာသအန္တရာယ် အလိုအလျောက် သတိပေးစနစ်(ASPOS)၊ Rassvet အနိမ့်ပျံဆက်သွယ်ရေးဂြိုဟ်တု စနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စရပ်များ၊ နာနိုဂြိုဟ်တု တည်ဆောက်လွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သာမက ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား အာကာသကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် Roscosmos နိုင်ငံပိုင်ကော်ပိုရေးရှင်း၏အထွေထွေညွှန်ကြားရေးမှူးချုပ်တို့သည်အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ရတနာပုံတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ


**မန္တလေး ဩဂုတ် ၁၉**

ရတနာပုံတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ အဆိုပါတက္ကသိုလ်အားကစားခန်းမ၌ ကျင်းပခဲ့ပြီး ဆုရကာယဗလမောင်များကို မောင်စလွယ်၊ ဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေများနှင့် ဆုရကာယအလှမယ်များအား စလွယ်၊ သရဖူ၊ ဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်တို့က အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ရတနာပုံတက္ကသိုလ် ကျောင်းသူများက ပညာစုံရတနာပုံသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲများကျင်းပပေးခြင်းဖြင့် အဖွဲ့လိုက်လေ့ကျင့်ခြင်း၊ အချင်းချင်းအားပေးခြင်း၊ ရိုးသားစွာယှဉ်ပြိုင်ခြင်းမှသည် စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်စေကာ ဘဝတစ်လျှောက်လုံး အသုံးဝင်စေမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ကာယအလှမယ်(အကြီးတန်း၊ အငယ်တန်း) ကျောင်းသူများနှင့် ကာယဗလမောင်ကျောင်းသားများ၏ ယှဉ်ပြိုင်တင်ဆက်နေမှု၊ ကျောင်းသား၊ကျောင်းသူများ၏ တေးသရုပ်ဖော် သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ကာယဗလမောင်ပြိုင်ပွဲနှင့် ကာယအလှမယ်ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အခမ်းအနားဖြစ်မြောက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ သင်တန်းနည်းပြများနှင့် ပြိုင်ပွဲဝင်များအတွက် ကူညီထောက်ပံ့ပေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်)သို့ သွားရောက်ကြည့်ရှုလေ့လာ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်)တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်)သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များကို ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်)အတွင်းရှိ ရုရှားနိုင်ငံမှ ပထမဆုံးလွှတ်တင်ခဲ့သည့်ဂြိုဟ်တု ပုံတူပြကွက်၊ ယူရီဂါဂါရင်လိုက်ပါခဲ့သည့် အာကာသယာဉ်ပုံစံတူနှင့် ၎င်း၏ဘဝပုံရိပ်ပြခန်း၊ အာကာသယာဉ်မှူးဝတ်စုံများ ပြကွက်၊ ကမ္ဘာမြေကို အာကာသမှ ပထမဆုံးမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည့် ကင်မရာကြီးပြကွက်၊ အာကာသယာဉ်များပြကွက်၊ လဆင်းယာဉ်သရုပ်ပြကွက်၊ ကမ္ဘာမြေပေါ်သို့ ကျရောက်ခဲ့သည့် ဥက္ကာခဲများပြကွက်၊ ဂြိုဟ်တုလွှတ်တင်ရေးစခန်း ပုံစံငယ်များ ပြကွက်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အာကာသပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတထံ ပြတိုက်တာဝန်ခံက ပြတိုက်မှတ်တမ်းစာအုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး နိုင်ငံတော်သမ္မတက လက်ဆောင်ပစ္စည်းများပြန်လည်ပေးအပ်သည်။

အဆိုပါ ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) ကို ၁၉၈၁ ခုနှစ် ဧပြီ ၁၀ ရက်တွင် လူသားတို့၏ အာကာသအောင်နိုင်မှု အထိမ်းအမှတ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပြတိုက်သည် မော်စကိုမြို့ VDNKh မက်ထရိုဘူတာအနီးရှိ ၁၀၇ မီတာမြင့်သော "Monument to the Conquerors of Space" ဒုံးပျံအထိမ်းအမှတ် ကျောက်တိုင်ကြီး၏ အောက်ခြေတွင်တည်ရှိပြီး ပြတိုက်အတွင်း ဆိုဗီယက်နှင့်ရုရှားတို့၏ အာကာသနည်းပညာဆိုင်ရာပြခန်းများ၊ ကမ္ဘာဦးဆုံးအာကာသယာဉ်မှူး ယူရီဂါဂါရင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ နာမည်ကျော် အာကာသခွေး Belka နှင့် Strelka တို့၏ ရုပ်ကလာပ်များ အပါအဝင်အာကာသဆိုင်ရာ ပြကွက်ပေါင်း ၈၅၀၀၀ ကျော်ကို စုံလင်စွာ ခင်းကျင်းပြသထားသဖြင့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများ မပြတ်မနေလာရောက်လေ့လာကြသည့်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မော်စကိုမြစ်အတွင်း မြစ်တွင်းသွားရှုခင်းကြည့် သင်္ဘောဖြင့် မော်စကိုမြစ်တစ်လျှောက် လိုက်ပါစီးနင်းကြပြီး မြို့ပြစနစ်တကျ ဖွံ့ဖြိုးတိုးတက်လျက်ရှိမှုနှင့် သာယာလှပမှုများ၊ မြစ်ကြောင်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှု၊ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ကွက်များအလိုက် Green Zone များစနစ်တကျ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ မော်စကိုမြစ်သည် မြို့တော်မော်စကို၏ အသက်သွေးကြောဖြစ်ပြီး မြို့ပြရေပေးဝေရေးနှင့် စက်မှုလုပ်ငန်းများအတွက် အဓိကအားထားရသည့်မြစ်တစ်ခုဖြစ်ကြောင်း၊ ထို့ပြင် မြစ်ကြောင်းတစ်လျှောက် အပျော်စီးသင်္ဘောများနှင့် ကမ်းခြေ ပန်းခြံများရှိခြင်းကြောင့် နှစ်စဉ်ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် သဘာဝအလှအပများရှိသော ခရီးသွားလုပ်ငန်းအတွက် အချက်အချာကျသော မြစ်တစ်စင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြစ်အတွင်း မြစ်တွင်းသွားရှုခင်းကြည့်သင်္ဘောဖြင့် မော်စကိုမြစ်တစ်လျှောက် လိုက်ပါစီးနင်းပြီး မြို့ပြစနစ်တကျဖွံ့ဖြိုးတိုးတက်လျက်ရှိမှုနှင့်သာယာလှပမှုများ၊ မြစ်ကြောင်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ကွက်များအလိုက် Green Zone များ စနစ်တကျဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၉ ရက်ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၂ ပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန်ပြောကြားချက်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ပြောကြားချက် ဒုတိယကော်လံပါ ကျောင်းသား၊ကျောင်းသူ (၁၇၀၀၀) အစား (၇၀၀၀) နှင့် ဒူးမားပြည်နယ်အစား Tuva ပြည်နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ် စာတည်းအဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများကို ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိရာ သံရုံး၊ စစ်သံရုံးမိသားစုများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် သံရုံး၊ စစ်သံရုံး မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်မိုးကျော်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက်ပိုင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင် ခရီးစဉ်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ သံတမန်ဆက်ဆံရေးကို စတင်ခဲ့ပြီး စဉ်ဆက်မပြတ်ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ကြောင်း၊ ခေတ်အဆက်ဆက်တွင် ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီများပေးခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရတည်ငြိမ်မှုမရှိခြင်းသည် မိမိတို့နိုင်ငံ၏အားနည်းချက်ပင်ဖြစ်ကြောင်း၊ ကိုလိုနီလက်အောက်သို့ ရောက်ခဲ့ရခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် နှစ်ပေါင်းများစွာ တိုးတက်မှုမရှိခဲ့သည်မှာ သင်ခန်းစာယူဖွယ်ပင်ဖြစ်ကြောင်း။

မိမိအနေဖြင့် တပ်မတော်တွင် တာဝန်ယူစဉ်ကပင် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင်လည်း နိုင်ငံကောင်းမွန်တိုးတက်အောင် စိတ်ရင်းစေတနာအမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများ တောင်းဆိုလျက်ရှိသည့် ဒီမိုကရေစီအခွင့်အရေးများနှင့် ဖက်ဒရယ်အခွင့်အရေးများရရှိအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံ၏ပညာရည်အဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း နှစ်စဉ်ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာဆက်ဆံရေးများ ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်များတွင် ဆက်ဆံရေးများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အတတ်ပညာများကို သင်ကြားလျက်ရှိသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

မိမိတို့အနေဖြင့်ပြည်သူများကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများ၏ အရည်အသွေးမြင့်မားစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်အမွေများ ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် ကောင်းမွန်သည့် စိတ်များဖြင့်ဆောင်ရွက်လိုသည့်စိတ်များ မွေးမြူကြရန်လိုကြောင်း၊ ယခုရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သံတမန်များအဖြစ် လာရောက်တာဝန်ထမ်းဆောင်နေကြသူများနှင့် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများသည် သက်ဆိုင်ရာဌာနများအလိုက် ခေါင်းဆောင်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်ရာဌာနအလိုက် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့် လေ့လာကြိုးပမ်းဆောင်ရွက်ပြီး ထမ်းဆောင်ရသည့် လုပ်ငန်းများအောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်အတွက် ခိုင်ခိုင်မာမာဖြင့်တာဝန်ထမ်းဆောင်လိုသည့်စိတ်၊ မိမိတို့နိုင်ငံကို ထိလျှင် မြန်မာဆိုသည့်စိတ်ဖြင့် ကာကွယ်လိုစိတ်၊ နိုင်ငံအတွက် ကောင်းမွန်စေလိုသည့် စေတနာစိတ်များဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြစေလိုကြောင်း။

သင်တန်းသားများ အနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ဖြစ်စဉ်ဖြစ်ရပ်မှန်နှင့် သမိုင်းမှန်များကို သိရှိအောင်ဆောင်ရွက်ကြပြီး မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းများနှင့် အခြေအနေမှန်များကို မသိရှိသည့် နိုင်ငံတကာမှ ကျောင်းသားများကို သိရှိအောင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ပြည်ပနိုင်ငံသို့ရောက်ရှိနေချိန်တွင် မိမိတို့နိုင်ငံ၏အလံတော်နှင့် နိုင်ငံတော်သီချင်းကို မမေ့ရန်လိုကြောင်း၊ မြန်မာဆိုသည့်စိတ်ဖြင့် နေထိုင်ကြရန်လိုကြောင်း။

ယခုအခါ မိမိတို့နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်လျက်ရှိကြောင်း၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုအခန်းကဏ္ဍများတွင် သာမက ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍများအပါအဝင် အခြားနှစ်နိုင်ငံအကြား ကူးလူးဆက်ဆံနိုင်သည့် ကဏ္ဍပေါင်းစုံတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မိမိတို့တတ်ကျွမ်းထားသည့် အတတ်ပညာများကို အသုံးချခြင်းအားဖြင့် နှစ်နိုင်ငံကြား ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ပညာတော်သင်များ ပြည်ပသို့ စေလွှတ်ခြင်းသည် နိုင်ငံတော်အနေဖြင့် ငွေကြေးနှင့်လုပ်အားများ ရင်းနှီးစိုက်ထုတ်ပေးထားရခြင်းဖြစ်သဖြင့် ပညာတော်သင် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုများသည် နိုင်ငံ့အကျိုးအတွက် အထောက်ကူပြုနိုင်ရန်လိုကြောင်း။

ပြည်ပနိုင်ငံသို့ရောက်ရှိနေချိန်အတွင်း မိမိတို့ဘဝအတွက် အကျိုးပြုစေနိုင်မည့် ဘာသာစကားနှင့် စာပေများကို ကြိုးစားသင်ယူကြရန်လိုသကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ကွန်ပျူတာနည်းပညာများကိုလည်း မျက်ခြည်မပြတ်လေ့လာနေရန်လိုကြောင်း၊ ဗဟုသုတရရှိစေမည့်စာအုပ်များကိုလည်း ဖတ်၊ မှတ်၊ လေ့လာပြီး ပြန်လည်အသုံးချရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် မိမိတို့တစ်ဦးချင်း၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများနှင့် ပတ်ဝန်းကျင်တွင် ပေါင်းသင်းဆက်ဆံမှုများကို များစွာ အထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နေထိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံး မိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီးနှင့် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး သံရုံး၊ စစ်သံရုံး မိသားစုများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာ တို့ကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ထိုင်းဘုရင့်တပ်မတော်မှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Air Chief Marshal Seksun Chaiyamart နှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် Wing 6 ၌ ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

ထိုင်းနိုင်ငံတွင်ကျင်းပမည့် ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand–Myanmar High Level Committee Meeting) ကို တက်ရောက်ရန်အတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော် လေဆိပ်မှ ထွက်ခွာကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။


တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့တွင် ဇနီး ဒေါ်နီလာနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများအဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် တပ်မတော်အထူးလေယာဉ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် Wing 6 သို့ရောက်ရှိကြရာ ထိုင်းဘုရင့်တပ်မတော်မှ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Air Chief Marshal Seksun Chaiyamart နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်နှင့် 9th Thailand – Myanmar High Level Committee Meeting အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ထိုင်းနိုင်ငံမှ တပ်မတော်အကြီးအကဲများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက် ဦးဆောင်သော 9th Thailand– Myanmar High Level Committee Meeting အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက်တွင် ထိုင်းနိုင်ငံသို့ကြိုတင်ထွက်ခွာခဲ့ကြပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Lieutenant General(Ret.) Adul Boonthamcharoen အား တွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Lieutenant General (Ret.) Adul Boonthamcharoen တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting )ကို တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Lieutenant General (Ret.) Adul Boonthamcharoen အား ကာကွယ်ရေးဝန်ကြီးဌာနရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းကာကွယ်ရေးဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန်နှင့် ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ဧည့်ခန်းမတွင် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် တောမီးလောင်ကျွမ်းမှုနှင့် မီးခိုးမြူငွေ့တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာ-ထိုင်း- လာအို သုံးနိုင်ငံသဘောတူထားသည့် မီးခိုးမြူငွေ့ကင်းစင်သော ကောင်းကင်ဖြစ်စေရေး သုံးနိုင်ငံပူးတွဲလုပ်ငန်းစီမံချက် (Joint plan Of Action–Clear Sky Strategy) (၂၀၂၄-၂၀၃၀) အောက်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ တောမီးလောင်ကျွမ်းမှုလျှော့လာစေခြင်းကြည့်ရေးအတွက် လိုအပ်သည်များ ကူညီပေးအပ်ခဲ့မှုနှင့် သင်တန်းများပို့ချပေးခဲ့မှုတို့အတွက် ကျေးဇူးတင်ရှိမှု၊ နယ်စပ်ဖြတ်ကျော် ရေအရည်အသွေး ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင် ကုန်စည်စီးဆင်းမှုများနှင့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေးတို့တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha တို့ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၉**

၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting ) သို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ယနေ့ မွန်းလွဲပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းတို့တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Air Chief Marshal Seksun Chaiyamart နှင့် ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ရောက်ရှိရာ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်ထက်တွင် နေရာယူပြီး ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် တီးမှုတ်ဂုဏ်ပြုအလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နှစ်နိုင်ငံ တပ်မတော်အရာရှိကြီးများနှင့် အပြန်အလှန်မိတ်ဆက်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်းမတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံကြား သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်ကြား ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နယ်စပ်ဒေသ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် ကျောက်ခက်နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများကို မြန်မာနိုင်ငံဘက်မှ အမြစ်ပြတ်ဖြိုချဖျက်ဆီးလျက်ရှိမှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တားဆီး ကာကွယ်နှိမ်နင်းလျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းဆိုင်ရာကိစ္စရပ်များနှင့် လက်နက်ခဲယမ်း မှောင်ခိုရောင်းဝယ်မှုများကို ပူးပေါင်း ထိန်းသိမ်း တိုက်ဖျက်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် အမျိုးသားရေး တာဝန်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား လေ့ကျင့်ရေးဆိုင်ရာများ၊ သင်တန်းသားများ၊ တပ်မတော်အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေးနှင့် တပ်မတော်နှစ်ရပ်ကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ တပ်မတော်နှစ်ရပ်ကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ပြန်လည်ထွက်ခွာရာ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့က နှုတ်ဆက်ဂါရဝပြု အလေးပြုခဲ့ကြောင်း သတင်းရရှိသည်။

(ဘဝ၁)

## ရေဝတီ၊ စစ်တောင်း၊ ငဝန်၊ တိုးမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၉**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် လေးလက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ခြောက်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁ ပေ ၁၁ လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ငါးလက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်လက်မခန့်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ မအူပင်မြို့နယ်၊ မဒေါက်မြို့၊ ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

# ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်



ပုသိမ် ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာ၏ အောက်ခံမြစ်ကျိုး အင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့်ခဲ့ရသည့် ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ရေရွှေဝါကုမ္ပဏီက ဆန် လေးပြည်ဝင်အိတ် ၁၅၀၀ ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က လက်ခံရယူပြီး ဟင်္သာတမြို့နယ် ထိန်ကုန်းကျော်ကျေးရွာ ထိန်ကုန်းကျော်ကျောင်းတိုက်၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ရပ်ရွာလုံခြုံရေးပိုင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ထားရှိမှု၊တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က အားပေးစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါဆိုင်ရာ အသိပညာပေးခြင်းနှင့် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ပြီး ထမင်းဘူးများ ဝေငှပေးခဲ့သည်။

ထို့အတူ ဟင်္သာတမြို့နယ် စိုင်ပြွန်ကျေးရွာ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူများ၏အသက်အိုးအိမ်နှင့် စားဝတ်နေရေး အဆင်ပြေစေရေး လိုအပ်သည့်အကူအညီများကို ဆက်လက်ဖြည့်ဆည်းပေးမည် ဖြစ်သည့်အတွက် အားမငယ်ဘဲ မိမိတို့၏နေ့စဉ်လူမှုဘဝများကို အမြန်ဆုံးပြန်လည်တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးသီးနှံများ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး လိုအပ်သော စက်ယန္တရားနှင့် သွင်းအားစုများကို အသင့်စုဖွဲ့ပြင်ဆင်ထားရှိကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တို့က အားပေးစကားပြောကြားကြသည်။

ထို့ပြင် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် ရေကြည်ကုန်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး ရေကြည်ကုန်းကျောင်းတိုက်၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

### ❖ ရှေ့တန်းပြန်မှ

အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

### ❑ နေရာကွက်၍ မိုးကြီးနိုင်မှ

မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

---

## မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့်စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### ❍ ကလေးမြို့နယ်မှ

နှမ်းဧက ၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ၁၅၅၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက် ရှိပါတယ်''ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာန်အွေကပြောပြသည်။

ကလေးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

---

**အိမ်ပြင်ပ၌ထွန်းထားသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

# ကချင်ပြည်နယ်တွင်းရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

ကချင်ပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီးပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်၏အနာဂတ်ကြယ်ပွင့်လေးများဖြစ်ကြသော မျိုးဆက်သစ်ကျောင်းသားလူငယ်မောင်မယ်များကို ကျောင်းတက်ချိန် ကျောင်းပြင်ပ ဗဟုသုတရရှိစေရန် လေ့လာရေးအဖြစ် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့် တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ တပ်မတော်၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့် တပ်မတော်အပေါ်ထားရှိသောစေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ တပ်မတော်၏ သမိုင်းဝင် စစ်လက်နက်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားမှုအတွေ့အကြုံများရရှိစေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန်၊ ကျောင်းသားတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သား နာယူမှုစွမ်းရည်ကို တိုးတက်စေရန်နှင့်သဘာဝပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရှုပြီးစိတ်ကိုကြည်လင်လန်းဆန်းစေရန်စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(ရွှေသင်ဖြူး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ရှေးဦးစွာ ကျောင်းသား၊ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့်ပစ္စည်းများ၊ရှေးမြန်မာမင်းများ၏ စစ်အင်္ဂါလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံးပစ္စည်းများ၊ လွတ်လပ်ရေးရရှိခဲ့ပြီး ပထမဆုံးလွှင့်ထူခဲ့သော နိုင်ငံအလံနှင့် သမိုင်းကြောင်းများအကြောင်း၊ အမြင့်ဆုံးဘွဲ့တံဆိပ် အောင်ဆန်းသူရိယဘွဲ့တံဆိပ်ရရှိခဲ့သူများ၏အကြောင်းများ၊ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဓာတ်ပုံများနှင့်ရုပ်တုများကိုလည်းကောင်း၊ တပ်မတော်(ရေ) ပြခန်းတွင် ရှေးခေတ် မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်မတော်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ ခေတ်အဆက်ဆက် တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော်(လေ) ပြခန်းတွင်ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ တပ်မတော်(လေ)၏ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများ မွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများကို လေ့လာကြပြီး ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။





လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါတယ်-

"ကျွန်မကတော့ အလကခွဲ(ရွှေသင်ဖြူး)ကျောင်းမှာ ပညာသင်ကြားနေတဲ့ (Grade-7) ကျောင်းသူ မသင်းယမုံလွင် ဖြစ်ပါတယ်။ တပ်မတော်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို လေ့လာရတဲ့အတွက် ဗဟုသုတများစွာရရှိပါတယ်။ ပြခန်းလေ့လာပြီးတဲ့အခါမှာ ပျော်ရွှင်မှုများစွာရရှိခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရရှိအောင်ပြုလုပ်ပေးသော လူကြီးမင်းများကို အထူးကျေးဇူးတင်ရှိပါတယ်။ ပြတိုက်အတွင်းမှာ ကျွန်မစိတ်ဝင်စားဆုံး အရာကတော့ ရေတပ်ပြခန်းဖြစ်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ အလကခွဲ(ရွှေသင်ဖြူး)ကျောင်းတွင်ပညာသင်ကြားနေတဲ့(Grade-7) ကျောင်းသား မောင်သူရလင်းဖြစ်ပါတယ်။ တပ်မတော်ကအကြောင်းတွေကို လေ့လာရတဲ့အတွက် ဗဟုသုတအသိပညာတွေလဲ တိုးပွားခဲ့ပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ကျွန်တော်အလေ့လာချင်ဆုံးနဲ့ စိတ်ဝင်အစားဆုံးအကြောင်းအရာက လေတပ်ပြခန်းဖြစ်ပါတယ်"ဟု ပြောသည်။ (ဗဟ)





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

နေပြည်တော် ဩဂုတ် ၁၉ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ခရီးသည်တင်အမြန်ရေယာဉ်တစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်



တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၉ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှတပ်ဖွဲ့ဝင်များသည် မီးပြကျွန်း၏ အရှေ့ဘက် ရေမိုင် သုည ဒသမ ၄ မိုင်ခန့် အကြားတွင် Tri Star 3 အမည်ရှိ ခရီးသည်တင်အမြန်ရေယာဉ်တစ်စီး ရေဝင်နစ်မြုပ်နေကြောင်း ဒေသခံများ၏ သတင်းပေးပို့ချက်အရသွားရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ရေဝင်နစ်မြုပ်နေသည့် ခရီးသည်တင် အမြန်ရေယာဉ်တစ်စီးကိုတွေ့ရှိခဲ့ပြီး ရေယာဉ်ပေါ်တွင်လိုက်ပါလာသော ရေယာဉ်အမှုထမ်း တစ်ဦးနှင့် ခရီးသည် ၁၉ ဦးကို စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့၍ သက်ဆိုင်ရာတာဝန်ရှိသူများထံ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၁၉-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၀.၈ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၇ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၆,၈၇၂,၈၁၂.၄၅ | ၃,၄၄၀,၃၃၄.၅၁ | ၂၉,၂၀၃,၆၇၈.၃၈ | - |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား၊ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၁၉- ၈ -၂၀၂၆)

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း


| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | ၂။ ဥပဒေရေးရာဝန်ကြီးဌာန | ၃။ ပြန်ကြားရေးဝန်ကြီးဌာန | ၄။ Myawady Webportal | ၅။ Myanmar National Portal |
| (https://www.mod.gov.mm) | (https://www.mlis.gov.mm) | (https://www.moi.gov.mm) | (https://myawady.net.mm) | (https://myanmar.gov.mm) |

# ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် ၃၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄ သန်းကျော်ကို မင်းလှမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ရပ်လုံးကို အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိရောက်စွာ တားဆီးနှိမ်နင်း တိုက်ဖျက်လျက်ရှိရာ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သရက်-မင်းလှသွား ကားလမ်းတွင် ဇေယျာမိုး မောင်းနှင်သည့် DONGFENG ယာဉ်နှင့် အောင်မင်းသန့် မောင်းနှင်သည့် FORLAND မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ စိတ်ကြွဆေးပြား ၉၇ ဒသမ ၅ သိန်း ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ကွင်းဆက်အဆင့်ဆင့် စစ်ဆေးဖော်ထုတ်ဖမ်းဆီးခဲ့ရာ ဩဂုတ် ၁၃ ရက်တွင် ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ရဲရင့်လှိုင် ခေါ် ရဲရင့် ကို နောင်ချိုမြို့နယ် ဘန့်ဘွေးတိုးဂိတ်တွင် လည်းကောင်း၊ သက်ဝေအောင် ခေါ် စိုင်းလေး ကို မဟာအောင်မြေမြို့နယ်တွင် HONDA INSIGHT ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တွင် သူရဇော် ခေါ် ကိုဟိန်း ကို HONDA FIT ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် နေဇာအောင် ကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။






အောင်ကျော်ကျော်
(ဖမ်းဆီးရန်ကျန်)



သျှမ်းကိုကိုထက် ခေါ် ကိုဖျော်
(ဖမ်းဆီးရန်ကျန်)



ထွန်းကျော်
(ဖမ်းဆီးရန်ကျန်)



နေလင်းအောင်
(ဖမ်းဆီးရန်ကျန်)

စစ်ဆေးဖော်ထုတ်ချက် များအရ ယင်းနေ့ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၄၉ လမ်းနှင့် ၁၁၅ လမ်းရှိ ခြံဝင်းအတွင်းမှ DONGFENG ယာဉ်တစ်စီး၊ FAW မော်တော်ယာဉ်နှစ် စီးနှင့် (ည)ရပ်ကွက် ၅၃ လမ်းနှင့် ၁၃၉ - ၁၄၀ လမ်းကြားရှိ ခြံဝင်းအတွင်းမှ DONGFENG ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ် လေးစီးပေါ်မှ စိတ်ကြွဆေးပြား ၁၄၄ သိန်း ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ငင်းတို့၏ ဖော်ထုတ်ချက်အရ ဩဂုတ် ၁၄ ရက်တွင် စိတ်ကြွဆေးပြားများကို ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ မကွေးတိုင်းဒေသကြီး မင်းတုန်းသို့ သယ်ဆောင်ရောင်းဝယ်သူများဖြစ်သည့် နွေးရှိုင်းမင်း ခေါ် ကိုရှိုင်း၊ အောင်စိုးဦးတို့ကို ရန်ကုန်-မန္တလေးအမြန်လမ်း ၁၁၅ မိုင်တိုးဂိတ်တွင် LAND CRUISER ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် စိန်ဝင်းမောင်ကို မင်္ဂလာတောင်ညွန့်မြို့နယ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၃၆ ဒသမ ၂၂၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၄ ဒသမ ၁၅ သန်းကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများကို ရောင်းချပေးခဲ့သူမှာ ကျေးသီးမြို့နယ် ဝမ်ဟိုင်းနေ စိုင်းဆမ် ခေါ် လောပန်း (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး စိတ်ကြွဆေးပြားများဝယ်ယူ၍ မင်းတုန်းမြို့သို့ အဓိကရောင်းဝယ်သူများမှာ စိန်ဝင်းမောင်နှင့် နွေးရှိုင်းမင်း ခေါ် ကိုရှိုင်းတို့ဖြစ်ကြောင်း၊ ငင်းတို့၏စီမံမှုဖြင့် သက်ဝေအောင် ခေါ် စိုင်းလေးမှာ ရှမ်းပြည်နယ်မှ မင်းတုန်းမြို့သို့ သယ်ဆောင်မှုတစ်ခုလုံးအတွက် တာဝန်ယူရကြောင်း၊ နေဇာအောင်သည် မိုင်းရယ်မှ မန္တလေးသို့လည်းကောင်း၊ သူရဇော် ခေါ် ကိုဟိန်းသည် မန္တလေးမှ မင်းတုန်းသို့လည်းကောင်း တာဝန်ခံ၍ သယ်ဆောင်ပေးရကြောင်း၊ သျှမ်းကိုကိုထက် ခေါ် ကိုဖျော်(ဖမ်းဆီးရန်ကျန်)နှင့် ရဲရင့်လှိုင် ခေါ် ရဲရင့်တို့သည် ယာဉ်မောင်းများကို ရှာဖွေစုဆောင်း၍ သယ်ဆောင်မောင်းနှင်ခိုင်းခြင်းဖြစ်ကြောင်း၊ စိတ်ကြွဆေးပြားများကို မင်းတုန်းတွင်လက်ခံပြီး ရခိုင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်သူများမှာ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ စီးပွားရေးတာဝန်ခံများဖြစ်ကြသည့် ထွန်းကျော်(ဖမ်းဆီးရန်ကျန်)နှင့် ဘညွန့် (ဖမ်းဆီးရန်ကျန်) တို့ဖြစ်ကြောင်း သိရှိရသည်။

စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ငွေကြေးစီးဆင်းမှုများကို စိစစ်ဖော်ထုတ်ခဲ့ရာ စိန်ဝင်းမောင်၏ ငွေကြေးစီးဆင်းမှုများကို နေလင်းအောင် (ဖမ်းဆီးရန်ကျန်)က လည်းကောင်း၊ နွေးရှိုင်းမင်း ခေါ် ကိုရှိုင်း၏ ငွေကြေးစီးဆင်းမှုများကို အောင်စိုးဦးကလည်းကောင်း၊ သက်ဝေအောင် ခေါ် စိုင်းလေး၏ ငွေကြေးစီးဆင်းမှုများကို အောင်ကျော်ကျော် (ဖမ်းဆီးရန်ကျန်)ကလည်းကောင်း၊ ထွန်းကျော် (ဖမ်းဆီးရန်ကျန်)၏ ငွေကြေးစီးဆင်းမှုများကို လှရွှေ(ဖမ်းဆီးရန်ကျန်)ကလည်းကောင်း၊ ဘညွန့်(ဖမ်းဆီးရန်ကျန်)၏ ငွေကြေးစီးဆင်းမှုများကို ဝင်းသန်း (ဖမ်းဆီးရန်ကျန်)က လည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြောင်း သိရှိရသဖြင့် ငင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ငင်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



သက်ဝေအောင် ခေါ် စိုင်းလေး၊ သူရဇော် ခေါ် ကိုဟိန်း၊ နေဇာအောင်၊ ရဲရင့်လှိုင် ခေါ် ရဲရင့်၊ နွေးရှိုင်းမင်း ခေါ် ကိုရှိုင်း၊ အောင်စိုးဦး၊ စိန်ဝင်းမောင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## ဝမ်းနည်းကြေကွဲခြင်း

**ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း) ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာနအဖွဲ့ဝင်(ငြိမ်း)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမျိုးသားစာပေ တစ်သက်တာစာပေဆုရှင် ဗိုလ်မှူးကြီး ဝဏ္ဏကျော်ထင် ညွန့်ဆွေ(ငြိမ်း) ကြည်း-၆၉၀၀ (စာရေးဆရာမောင်ဆွေသက်)အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်သက်သက်ဆွေ (စာရေးဆရာမ မသက်ဆွေ(သရက်))၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီး ညွန့်ဆွေ(ငြိမ်း) (စာရေးဆရာ မောင်ဆွေသက်)သည် ၁၉-၈-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၄) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

### ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။






**အဖိုးတန်**

**ရေချိုကို**

**ချွေတာပါ**

### မီးလောင်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ အလွန်အမင်းကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပါနှင့်၊ သတိရှိပါ။တည်ငြိမ်မှုရှိပါ။



၂။ မိမိ ပြင်ဆင်ထားသော မီးသတ် ပစ္စည်းများဖြင့် ငြိမ်းသတ်ပါ။ တစ်ချိန်တည်းတွင် ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ မီးသတ်ကို အကြောင်းကြားပါ။



၃။ မီးခိုးများ ပြည့်နေသော အခန်းအတွင်းမှလွတ်မြောက် ရာသို့ထွက်ရာတွင် ကြမ်းပြင်ပေါ်တွားသွားပြီးထွက်ခွာပါ။ ( ကြမ်းပြင်ပေါ် တွားသွားခြင်းဖြင့် အောက်စီဂျင် ပြတ်လပ် ခြင်းကို ကာကွယ်နိုင်ပြီး ရှေ့မြင်ကွင်းကို မြင်နိုင်ကာ ထွက်ပေါက်ရှိရာကိုလည်း မြင်သာသောကြောင့်ဖြစ်သည်။)



၄။ မျက်နှာအား မီးလောင်ခြင်းမှ ကာကွယ်ရန်နှင့် မီးခိုးများမရှူမိစေရန် ရေစိုအဝတ်(သို့)လက်နှစ်ဖက်ဖြင့် မျက်နှာကိုကာကွယ် ဖုံးအုပ်ထားပါ။

၅။ မီးသတ်ယာဉ်များအမြန်ရောက်ရှိစေရေး ကူညီဆောင်ရွက်ပါ။

### မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ် စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၈၁ ဧက စိုက်ပျိုးမည်

**ကောလင်း ဩဂုတ် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၈၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၆၆၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၃၄၁ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ၆၉၈၁ ဧကဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲ ၆၉၈၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးပါမယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ကောလင်းခရိုင်တွင် ကုလားပဲ စိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈)နှင့် ရေဆင်း(၁၁)မျိုး တို့ကိုရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။ (၂၀၆)



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

၁ဝ ဒဂုံ နှင့်အတူ ဝှက်ယူလိုက်ပါ



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၅၁၁၉၀၇၇



Myanmar Mobile Money(MMM) ကို
အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone



- ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
- ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
- လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း၊
- Skynet Bill Payment ပေးသွင်းခြင်း၊
- Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ (ထိုင်း)၊
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း
- အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊
- လစာထုတ်ခြင်းများကို ဘဏ်သို့သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## ဦးစိုးနိုင် (ဘ) ဦးခင်မောင်(၅/စကန(နိုင်)၀၄၉၀၂၇)ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးအောင်ထွန်းနှင့်အဖွဲ့မှ (၄-၈-၂၀၂၆)ရက်စွဲပါ ရတနာပုံသတင်းစာတွင် ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူးကျေးရွာနေ ဒေါ်စိန်ငွေ (ဘ) ဦးသက်(၉/အမရ(နိုင်)၀၅၅၇၇၉)နှင့် ဦးဝင်းသိန်း (ဘ) ဦးတင်ကြည် (၉/အမရ(နိုင်)၀၉၆၈၂၀)ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေများမှ ခါးမဦးချ လုပ်ကိုင်၍ ၂၀၁၂ ခုနှစ်တွင် ဦးတင်ကြည် အမည်ဖြင့် တောင်သူလယ်သမားတစ်ဦးချင်းစီ၏ လုပ်ပိုင်ခွင့်ရမြေနှင့် ကုန်ထုတ်မှတ်တမ်းစာအုပ် တရားဝင်ထွက်ရှိပြီး လက်ရှိလုပ်ကိုင်ပိုင်ဆိုင်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လက်ပံဇင်ကျေးရွာအုပ်စု၊ ဆင်ရွာမြင်းမူးကျေးရွာ၊ ကွင်းအမှတ်(၆၂၇)၊ ဦးပိုင်အမှတ်(N-1)၊ မြေအမျိုးအစား (KY-2)၊ ဧရိယာ(၀.၅၀)ကေရှိ မြေအား အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရံငွေပေးချေပြီးဖြစ်ကြောင်း ဝယ်သူ ဦးမင်းရွှေ(၉/မနမ(နိုင်)၁၁၈၂၄၄)မှ သတင်းစာကြေညာခြင်းဖြစ်ပါသည်။

လူကြီးမင်းဝယ်ယူထားသည်ဟု အဆိုရှိသည့် အမရပူရမြို့နယ်၊ လက်ပံဇင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၂၇)(လက်ပံဇင်ကွင်း)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ (၁.၀၀)ကေရှိ မြေနှင့်ပတ်သက်၍ ကြေညာခြင်း မဟုတ်သလို မြေကွက်ဦးပိုင်နှစ်ခုလည်း တူညီခြင်းမရှိပါ။

စစ်ကိုင်း-မြစ်ငယ်လမ်းဘေး၊ ကျောက်စိမ်းဘုရားအဝင်လမ်း၊ လက်ယာဘက်ကပ်လျက်ရှိ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လက်ပံဇင်ကျေးရွာအုပ်စု၊ ဆင်ရွာမြင်းမူးကျေးရွာ၊ ကွင်းအမှတ်(၆၂၇)၊ ဦးပိုင်အမှတ်(N-1)၊ မြေအမျိုးအစား(KY-2)၊ ဧရိယာ(၀.၅၀)ကေရှိ မြေကို ကျွန်ုပ်မိတ်ဆွေများမှ လက်ရှိထားအသုံးပြုလုပ်ကိုင်လျက်ရှိသည်ကို လူကြီးမင်းကိုယ်တိုင်သိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းမှာ ကျွန်ုပ်တို့မိတ်ဆွေများပိုင်ဆိုင်သော အထက်ပါမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တရားဝင်ကန့်ကွက်ပိုင်ခွင့်ရှိသူမဟုတ်ပါ။

သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေများ လက်ရှိလုပ်ကိုင်ပိုင်ဆိုင်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လက်ပံဇင်ကျေးရွာအုပ်စု၊ ဆင်ရွာမြင်းမူးကျေးရွာ၊ ကွင်းအမှတ်(၆၂၇)၊ ဦးပိုင်အမှတ်(N-1)၊ မြေအမျိုးအစား(KY-2)၊ ဧရိယာ(၀.၅၀)ကေရှိ မြေနှင့်ပတ်သက်သည့် ပိုင်ရေးပိုင်ခွင့်ကို ထိပါးစေသော ကြေညာခြင်းအား ချက်ချင်းပြန်လည်ရုတ်သိမ်းပေးရန်နှင့် ဆက်လက်ကြေညာခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ လိုက်နာခြင်းမရှိပါက လူကြီးမင်းအပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ**

ဒေါ်စိန်ငွေ (ဘ) ဦးသက်
(၉/အမရ(နိုင်)၀၅၅၇၇၉)

ဦးဝင်းသိန်း (ဘ) ဦးတင်ကြည်
(၉/အမရ(နိုင်)၀၉၆၈၂၀)

**လွှဲအပ်ချက်အရ**

**ဦးတင်ဇော်လတ်(LL.B) ဦးရဲကျော်သူ(LL.B)**
**ဦးငြိမ်းချမ်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးစည်သူမြင့်(LL.M)**
**အထက်တန်းရှေ့နေ**
ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။
ဖုန်း ၀၉-၄၀၂၆၂၄၇၁

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စကျင်ရွာနေ (ဘ) ဦးညွန့်ဝေ(၉/မတရ(နိုင်)၀၅၀၇၄၁)၏သား မောင်ဂဠုန်(၉/မတရ(နိုင်)၁၉၀၄၉၇)အား **မောင်သီဟ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သီဟ**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုင်းကျော်အေး၏သား မောင်ရှင်းသန့်မော်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ရှင်းသန့်မောင်** ဖြစ်ပါကြောင်း။

**မောင်ရှင်းသန့်မောင်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးနိုင်အေး၏သမီး မလင်းလတ်မွန်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မလင်းလက်မွန်** ဖြစ်ပါကြောင်း။

**မလင်းလက်မွန်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးဇော်ခင်၏သမီး မစုလတ်မွန်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မဆုလှဲ့မွန်** ဖြစ်ပါကြောင်း။

**မဆုလှဲ့မွန်**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၂ လမ်း၊ ၂၂ လမ်း၊ ဓမ္မစကြာရိပ်သာတွင် သီတင်းသုံးဝါကပ်တော်မူသော ဦးပညာစာရ (၁၂/သဃက(သ)၀၀၁၄၆၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09-777529785

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား

စာမျက်နှာ - ၂၃

- နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် ရုရှား-မြန်မာစီးပွားရေးဖိုရမ်ကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၉

၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေး ဖိုရမ်ကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စု အစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေး ဌာန G. V. Plekhanov စီးပွားရေး တက္ကသိုလ်၌ ကျင်းပရာ ရုရှားဖက်ဒရေး ရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိနေ သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါ လာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီး Mr. Maxim Genna-dyevich Reshetnikov၊ G.V. Plekhanov စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် Mr. LOBANOV Ivan Vasilyevich၊ မြန်မာ နိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံစီးပွားရေးလုပ်ငန်း ရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည် တော်များ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

စာမျက်နှာ - ၂၄

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၂၅

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံကာကွယ်ရေး ဝန်ကြီး H.E Lieutenant General (Ret.) Adul Boonthamcharoen အား တွေ့ဆုံ

စာမျက်နှာ - ၂၄

## နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း (၂)

ဆောင်းပါး

စာမျက်နှာ - ၈

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် လုံခြုံရေး တာဝန်များထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သား ကောင်း တပ်မတော်သားများ ဂုဏ်ပြု ကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နေ့လယ် ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊

**စာမျက်နှာ ၂၆ ကော်လံ ၁** ❖



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။